# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်၊ ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာ ၁၇ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၆)၊ အမှတ် (၇၈)


စိတ်ဓာတ်၊ စည်းကမ်း၊ စွမ်းရည် အခြေခံသုံးချက် ပြည့်စုံအောင် တည်ဆောက်နိုင်မှသာ အပြိုင်အဆိုင် တိုးတက်လျက်ရှိသော ကမ္ဘာကြီးနှင့်အတူ မိမိတို့ နိုင်ငံသည် ရင်ပေါင်တန်းလိုက်နိုင်မှာဖြစ်။

# သင်တန်းကျောင်းများ တိုင်းပြည်အတွက်အခြေခံလိုအပ်ချက် (၃) ချက်ကိုလေ့ကျင့်ပေး မိမိတို့၌စိတ်ဓာတ်၊ စည်းကမ်း၊ စွမ်းရည်ဆိုသည့်အခြေခံအချက်များပြည့်စုံနေမှသာ ကိုယ်ခံအားကောင်းပြီး သွေးခွဲသပ်လျှို မမှန်မကန်စွပ်စွဲမှုများကို ခံနိုင်ရည်ရှိမှာဖြစ် ရည်မှန်းချက်နှင့်အညီ တည်ဆောက်ထူထောင်နိုင်အောင် ယုံကြည်ချက်ရှိရှိ ကြိုးစားလုပ်ကိုင်

နေပြည်တော် ဒီဇင်ဘာ ၁၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဒီဇင်ဘာ၁၃ရက် နံနက်၁၁နာရီ ၁၅မိနစ်က လေယာဉ်ဖြင့် နေပြည်တော်လေဆိပ်မှ မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် အနီးစခန်းလေဆိပ်သို့ ရောက်ရှိသည်။

## ကြိုဆို

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား အနီးစခန်းလေဆိပ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်

***စာမျက်နှာ ၈ ကော်လံ ၁*** ●





## ရတနာပုံမြို့သစ် တည်ဆောက်ရေး စီမံကိန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရတနာပုံမြို့သစ် တည်ဆောက်ရေး စီမံကိန်းဧရိယာကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်)

# တပ်မတော်၏ အစဉ်အလာကောင်းများ လက်ဆင့်ကမ်းသယ်ဆောင်

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ် တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်လာမည့် နိုင်ငံတော်ကို ကာကွယ်နိုင်ရန် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်ရန် လိုအပ်သည်။

တပ်မတော်၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် မျိုးချစ်စိတ်ဓာတ်ထက်သန်သော နိုင်ငံသားများနှင့် ဖွဲ့စည်းထားခဲ့ခြင်းဖြစ်သည်။ တပ်မတော်တစ်ရပ် အင်အားတောင့်တင်းရေးအတွက် အရည်အချင်းသည် အရေအတွက်ထက် ပို၍အဓိကကျသည်ဖြစ်ရာ တပ်မတော်သားတိုင်း အရည်အချင်းမြင့်မားစေရေး အစဉ်အမြဲ ကြိုးပမ်းကြရမည်ဖြစ်သည်။ ခေတ်သစ်စစ်သဘောတရားများကို မျက်ခြည်မပြတ် လေ့လာဆည်းပူးရမည် ဖြစ်သည်။

တပ်မတော်ကို လက်ဆင့်ကမ်းတည်ဆောက်သွားကြမည့် သင်တန်းဆင်း ခေါင်းဆောင်ငယ်များအနေဖြင့် သစ္စာလေးချက်ကို အသက်ပေးစောင့်ထိန်းခြင်း၊ အမိန့်နာခံ၍ စစ်စည်းကမ်းကောင်းမွန်ခြင်း၊ စိတ်ဓာတ်ခိုင်မာပြီး ခွဲသတ္တိနှင့် စွန့်လွှတ်စွန့်စားလိုစိတ်ရှိခြင်း၊ ရဲဘော်စိတ်နှင့် စည်းလုံးညီညွတ်မှုရှိခြင်း၊ ကျန်းမာကြံ့ခိုင်၍ တိုက်ရည်ခိုက်ရည်ပြည့်ဝခြင်းနှင့် စွမ်းရည်သုံးရပ်နှင့် ပြည့်စုံသည့် အရည်အချင်းများနှင့် ပြည့်စုံသော စစ်သည်တော်ကောင်းများ ဖြစ်လာစေရန်လည်း ဖြည့်ဆည်းဆောင်ရွက်ကြရမည် ဖြစ်သည်။

ထို့အပြင် သင်တန်းဆင်းခေါင်းဆောင်ငယ်များသည် ဒို့တာဝန်အရေးသုံးပါးကိုလည်း အမြဲတမ်း ဦးထိပ်ပန်ဆင်ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

မျိုးဆက်သစ် သင်တန်းဆင်းခေါင်းဆောင်များအနေဖြင့် စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်အဖြစ် အမြဲမပြတ် လေ့ကျင့်ပျိုးထောင်၍ တပ်မတော်၏ အစဉ်အလာကောင်းများကို လက်ဆင့်ကမ်း သယ်ဆောင်သွားကြရမည် ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမိုတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

## မြဝတီရုပ်မြင်သံကြား

**၁၇–၁၂–၂၀၀၆ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၆ ၁၁။ ဆရာတော်ဦးဃောသိတ တရားတော် **"ဘူတံဘူတတောပဿတိ"**

**နေ့လယ်ပိုင်း**

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၂:၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"ကွန်မန်ဒိုချစ်သူ"**
- ၁၃:၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၄၀ ၆။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၀၀ ၈။ သံစဉ်များနှင့်ကမ္ဘာ
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ မိုးလေဝသသတင်း
- ၆:၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၃။ လျှပ်တစ်ပြက်
- ၆:၄၅ ၁၄။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ထွန်းတောက်လာမည့်ကြယ်တစ်ပွင့်"** (အပိုင်း–၄)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ ပဟေဠိနန်းတော်
- ၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၀။ English Premier League ဘောလုံးပွဲ West Ham United Vs Manchester United (Live)

## ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ဗီယက်နမ်ဝင်ရောက်

**ဂျီနီဗာ ဒီဇင်ဘာ ၁၆**

ဗီယက်နမ်နိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ လာမည့်ဇန်နဝါရီ ၁၁ရက်တွင် ၁၅၀မြောက်အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်လိမ့်မည် ဖြစ်ကြောင်း ဂျီနီဗာအခြေစိုက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က ဒီဇင်ဘာ၁၂ရက်တွင် ကြေညာလိုက်သည်။

**ကြေညာချက်**

အရှေ့တောင်အာရှမှ ဗီယက်နမ်နိုင်ငံသည် ဒဗလျူတီအိုသို့ ဝင်ရောက်ပြီး ဖြစ်ကြောင်း၊ လာမည့်လတွင် ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့၏ အဖွဲ့ဝင်ဖြစ်လာမည်ဖြစ်ကြောင်း ဒဗလျူတီအို၏ ကြေညာချက်၌ ဖော်ပြသည်။

ဗီယက်နမ်အမျိုးသားလွှတ်တော်က နိုဝင်ဘာ ၂၈ရက်တွင် ဒဗလျူတီအိုသို့ ဝင်ရောက်ရန် အတည်ပြုခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် ဒဗလျူတီအိုသို့ဝင်ရောက်ရန် ၁၁နှစ်ကျော်ကြာ စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်ခဲ့ရပြီး အောက်တိုဘာလတွင် အဆုံးသတ်ခဲ့သည်။ ယင်းနိုင်ငံသည် တရုတ်နိုင်ငံပြီးလျှင် ကမ္ဘာပေါ်တွင် စီးပွားရေးတိုးတက်မှု အမြန်ဆုံး နိုင်ငံဖြစ်လာသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## တရုတ်အင်တာနက်ဈေးကွက် ကမ္ဘာပေါ်တွင် ဒုတိယအကြီးဆုံးဖြစ်

**ပေကျင်း ဒီဇင်ဘာ ၁၆**

တရုတ်နိုင်ငံရှိ ဘေဒူးအင်တာနက်ကုမ္ပဏီသည် ဂျပန်ဈေးကွက်သို့ လာမည့်နှစ်တွင် ဝင်ရောက်နိုင်ရန် မျှော်မှန်းထားကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။ ဘေဒူးအင်တာနက်ကုမ္ပဏီသည် တရုတ်နိုင်ငံ၏ အင်တာနက်သတင်းအချက်အလက် ရှာဖွေရေးဈေးကွက်၏ ၆၂ရာခိုင်နှုန်းကျော်ကို ထိန်းချုပ်ထားသည်။

ဘေဒူးကုမ္ပဏီသည် သတင်းအချက်အလက်ရှာဖွေရေး နည်းပညာအရ ဂျပန်ဘာသာစကား အသုံးပြုသော သတင်းအချက်အလက်ရှာဖွေမှု နည်းစနစ်ကို ခြောက်လကြာ သုတေသနပြုလုပ်ခဲ့ကြောင်း ကုမ္ပဏီဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် ရော်ဘင်လီက ပြောကြားသည်။

**အသုံးပြု**

တရုတ်နိုင်ငံ၏ အင်တာနက်ဈေးကွက်သည် ကမ္ဘာပေါ်တွင် ဒုတိယအကြီးဆုံးဖြစ်သည်။ တရုတ်လူမျိုး ၁၂၃သန်းကျော်သည် အင်တာနက်ကို အသုံးပြုသည်။ ဂျပန်နိုင်ငံသား ၈၅ ဒသမ ၂၉ သန်းက အင်တာနက် အသုံးပြုကြောင်း ၂၀၀၅ ခုနှစ် သုတေသနပြု မှတ်တမ်းအရ သိရှိရသည်။

**(အင်တာနက်)**

## အင်ဒိုနီးရှား ကိုကိုးထုတ်လုပ်တင်ပို့မှု ကမ္ဘာ့နံပါတ်တစ်ဖြစ်လာရန် ရည်မှန်း

**ဂျကာတာ ဒီဇင်ဘာ ၁၆**

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ချောကလက် ထုတ်လုပ်ရာတွင် အသုံးပြုသည့် ကိုကိုးထုတ်လုပ်မှုနှင့် ပြည်ပသို့တင်ပို့မှုမှာ ကမ္ဘာ့နံပါတ်တစ်နေရာသို့ ရောက်ရှိလာစေရန်ရည်မှန်းထားကြောင်းစိုက်ပျိုးရေးဝန်ကြီး အန်တွန်အက်ပရီအန်တိုနီက ဒီဇင်ဘာ၁၂ရက်တွင် ပြောကြားသည်။

**ထုတ်လုပ်မှု**

အင်ဒိုနီးရှားနိုင်ငံအတွင်း ၂၀၀၅ ခုနှစ်က ကိုကိုးစိုက်ပျိုးမြေ ၉၉၂၅၄၆ ဟက်တာရှိကာ ကိုကိုး ထုတ်လုပ်မှုစုစုပေါင်းမှာ ၆၅၂၃၅၀ တန်ရှိကြောင်း အစိုးရ စာရင်းများအရ သိရသည်။

ယခုလက်ရှိတွင် အင်ဒိုနီးရှားနိုင်ငံ၏ ကိုကိုးထုတ်လုပ်မှုမှာ တတိယနေရာတွင် ရှိနေပြီး အိုင်ဗရီကို့စ်နိုင်ငံမှာ ပထမနှင့် ဂါနာနိုင်ငံမှာ ဒုတိယနေရာတွင် ရှိနေသည်။

အင်ဒိုနီးရှား နိုင်ငံအနေဖြင့် ကိုကိုးတင်ပို့မှုမှ တစ်နှစ်လျှင် နိုင်ငံခြားဝင်ငွေ အမေရိကန် ဒေါ်လာသန်း ၆၅၀ကျော် ရရှိသည်။

**မျှော်မှန်း**

ကိုကိုး ထုတ်လုပ်မှုအတွက် အစီအစဉ်သစ်များ ချမှတ်ဆောင်ရွက်ပြီး တစ်နှစ်လျှင် ကိုကိုးထုတ်လုပ်မှု နှစ်တန်သို့ ရောက်ရှိစေရန် မျှော်မှန်းထားကြောင်း ၎င်းက ထပ်လောင်း ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

## ဖိလစ်ပိုင်၌ တိုက်ခတ်ခဲ့သောမုန်တိုင်း သေဆုံးသူ ၂၇ဦးအထိရှိ

ဂျကာတာ ဒီဇင်ဘာ ၁၆

**ဖိလစ်ပိုင်နိုင်ငံအတွင်းသို့ ယူတာအမည်ရှိ တိုင်ဖုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် သေဆုံးသူ၂၇ဦးအထိ ရှိလာကာ ၄၂ဦးဒဏ်ရာရရှိသွားခဲ့ကြောင်း၊ ရှစ်ဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်း သဘာဝဘေးအန္တရာယ် ညှိနှိုင်းရေး ကောင်စီ (အန်ဒီစီစီ)က ဒီဇင်ဘာ ၁၄ရက်တွင် ပြောကြားသည်။**

**တိုင်ဖုန်းမုန်တိုင်း ယူတာကြောင့် ပြည်သူ ၄၇၀၀၀၀ မုန်တိုင်းဒဏ်ခံစားရပြီး ခန့်မှန်းခြေအမေရိကန်ဒေါ်လာ ၈ဒသမ၇၅သန်း တန်ဖိုးခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း အန်ဒီစီစီ၏ စာရင်းဇယားများအရ သိရသည်။**

အမ်အင်အေ၊ဆင်ဟွာ



၂၀၀၆ခုနှစ် ဒီဇင်ဘာ တတိယပတ် လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲကို နေပြည်တော်၌ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ ဒေသခံပြည်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ တပျော်တပါး ပါဝင်ဆင်နွှဲကြစဉ်။ **(သတင်းစဉ်)**

# ဒီဇင်ဘာ တတိယပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲ နေပြည်တော်၌ နွှဲ ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် ကျောင်းသားကျောင်းသူများ ပါဝင်

နေပြည်တော် ဒီဇင်ဘာ ၁၆

**တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက် အမျိုးသားအားကစားလှုပ်ရှားမှုကို တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး စိတ်ပါဝင်စားစွာ ပါဝင်လှုပ်ရှားလာစေရန် နိုင်ငံတော်၏ အားကစားဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များနှင့်အညီ ကျင်းပသည့် ၂၀၀၆ခုနှစ် ဒီဇင်ဘာ တတိယပတ် လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၆ နာရီတွင် နေပြည်တော် မြို့မဈေးစုရပ်၊ ပြန်ကပြေးစုရပ်နှင့်သပြေကုန်းစုရပ်တို့၌ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်ပြီး ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ ဒေသခံပြည်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ စုစုပေါင်းအင်အား တစ်သောင်းငါးထောင်ကျော်တို့ တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။**

နေရာယူ

ရှေးဦးစွာ နံနက် ၅ နာရီခွဲမှစတင်၍ နေပြည်တော် မြို့မဈေးစုရပ်သို့ ပညာသိဒ္ဓိရပ်ကွက်၊ ဘောဂသိဒ္ဓိရပ်ကွက်၊ မင်္ဂလာသိဒ္ဓိရပ်ကွက်တို့ရှိ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ အခြေခံပညာကျောင်းများမှ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများသည် ၂၀၀၆ခုနှစ် ဒီဇင်ဘာ တတိယပတ် လူထု အားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲ လမ်းဖြတ်စာသားပိုစတာအောက်၌ နေရာယူကြသည်။

စုပေါင်းလမ်းလျှောက်

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများက ဦးဆောင်၍ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများသည် တောင်ညို-ပျဉ်းမနားလမ်းမှ သပြေကုန်းအဝိုင်းကိုပတ်၍ နေပြည်တော်မြို့မဈေးသို့ စုပေါင်းလမ်းလျှောက်ကြပြီး နေပြည်တော် မြို့မဈေးရှေ့၌ ကိုယ်ကာယကြံ့ခိုင်ရေးလေ့ကျင့်ခန်း အတွဲ(၁)နှင့်(၂)တို့ဖြင့် စုပေါင်း ကိုယ်လက်လှုပ်ရှားမှုကို တပျော်တပါး ပြုလုပ်ကြသည်။

အလားတူ ပြန်ကပြေးစုရပ်နှင့်သပြေကုန်းစုရပ်တို့၌လည်း နံနက် ၆ နာရီမှစတင်၍ ဌာနဆိုင်ရာဝန်ထမ်းများ၊ မိသားစုများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ကျောင်းသားကျောင်းသူများက နေပြည်တော် မြို့တော်ခန်းမအထိ စုပေါင်းလမ်းလျှောက်ကြသည်။ (သတင်းစဉ်)

## သမထဝိပဿနာ ၁၀ရက်တရားစခန်းဖွင့်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

သမထ ဝိပဿနာ (ယုဂနဒ္ဓ) ဝိပဿနာ ၁၀ရက်စခန်းကို မန္တလေးတိုင်း ပုသိမ်ကြီးမြို့ ရေထွက်ကျေးရွာအုပ်စု ဆည်မြောင်းချောင်းဝင်း အရှေ့ဘက်ရှိ ဓမ္မရက္ခိတာရာမကျောင်းတိုက် မေတ္တာစေတောဝိမုတ္တိ-မေတ္တာနှင့်ယှဉ်သော စိတ်၏လွတ်မြောက်မှု (အပ္ပနာစျာန်) ဝိပဿနာစခန်း၌ ဒီဇင်ဘာ ၁၆ရက်မှ၂၅ရက်အထိ ဖွင့်လှစ်လျက်ရှိရာ ကမ္မဋ္ဌာနာစရိယ ဆရာတော်ဒေါက်တာဓမ္မရက္ခိတကခန္ဓာဉာဏ်ရောက်ဝိပဿနာအလုပ်ပေးတရားတော်များ ဟောကြားကာ ယောဂီများအား လက်တွေ့ကျင့်ကြံ အားထုတ်နည်းများကို ပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၀၂-၅၇၂၇၈သို့ ဆက်သွယ်စုံစမ်းမေးမြန်းပြီး စာရင်းပေးသွင်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

### သာယာမည်

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။**





## အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စု နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စု နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် အမှတ်(၃/က) သံသုမာလမ်းနှင့် ဝေဇယန္တာလမ်းဆုံရှိ NDCG ခန်းမ၌ကျင်းပရာ နာယကအဖွဲ့ဝင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ အစုရှယ်ယာဝင်များ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

အစည်းအဝေးတွင် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက သဘာပတိအဖြစ်ဆောင်ရွက်ပြီး အမှာစကားပြောကြားသည်။

ထို့နောက် ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ၊ ၂၀၀၅-၂၀၀၆ခုနှစ်အတွက် နှစ်ချုပ်စာရင်းနှင့် အစုရှယ်ယာရှင်များသို့ ခွဲဝေပေးမည့် အမြတ်ဝေစုတို့ကို ဖတ်ကြားရှင်းလင်းခြင်း၊ အစုရှယ်ယာရှင်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခြင်းနှင့် ဒါရိုက်တာအဖွဲ့သစ်ကို ဖွဲ့စည်းခြင်းများဆောင်ရွက်ပြီး ဥက္ကဋ္ဌသစ် ဒေါက်တာခင်ရွှေ**(အပေါ်ပုံ)**က အမှာစကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

## (၁၇)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ်ပြိုင်ပွဲ အထွေထွေဗဟုသုတဉာဏ်စမ်းဆုရသူများ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

၂၀၀၆ ခုနှစ် (၁၇)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီက တပ်မတော်ဆိုင်ရာ အထွေထွေဗဟုသုတဉာဏ်စမ်းဖြေဆိုပြိုင်ပွဲ ဆုရရှိသူများစာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

**တက္ကသိုလ်အဆင့်**

တပ်မတော်ဆိုင်ရာ အထွေထွေဗဟုသုတဉာဏ်စမ်းဖြေဆိုပွဲ တက္ကသိုလ်အဆင့်ပြိုင်ပွဲ၌ ပထမဆုကို တပ်မတော်ဆေးတက္ကသိုလ်မှ ဒုတိယနှစ် ကျောင်းသား ဗိုလ်လောင်းအမှတ်(၂၈၇၀) ဗိုလ်လောင်း လွင်ဘိုဘိုအောင်၊ ဒုတိယဆုကို တပ်မတော်ဆေးတက္ကသိုလ်မှ နောက်ဆုံးနှစ် အမ်ဘီဘီအက်စ် အပိုင်း(ခ)မှ ဗိုလ်လောင်းအမှတ်(၁၄၅၉) ဗိုလ်လောင်းချမ်းငြိမ်းသူ၊ တတိယဆုကို တပ်မတော်နည်းပညာတက္ကသိုလ်မှ ပထမနှစ်(ဘီအီး) ဗိုလ်လောင်း မြင့်မောင်မောင်၊ နှစ်သိမ့်ဆုများအဖြစ် တပ်မတော်နည်းပညာတက္ကသိုလ်မှ နောက်ဆုံးနှစ်(ဘီအီး) မောင်မောင်ဦးနှင့် တပ်မတော်နည်းပညာတက္ကသိုလ်မှ တတိယနှစ် ရေကြောင်းအင်ဂျင်နီယာ မောင်ကျော်ဝင်းထွန်းတို့က အသီးသီး ရရှိကြသည်။

**အခြေခံပညာအထက်တန်းအဆင့်**

တပ်မတော်ဆိုင်ရာ အထွေထွေဗဟုသုတဉာဏ်စမ်းဖြေဆိုပွဲ အခြေခံပညာအထက်တန်းအဆင့်ပြိုင်ပွဲတွင် ပထမဆုကို ဧရာဝတီတိုင်း ဟင်္သာတမြို့ အလက(၃) အဋ္ဌမတန်းမှ မဆုမွန်လွင်၊ ဒုတိယဆုကို စစ်ကိုင်းတိုင်း ဗန်းမောက် အထက အဋ္ဌမတန်းမှ မငြိမ့်မွန်ထူး၊ တတိယဆုကို မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် အထက(၁၇) ဒသမတန်းမှ မသူဇာလွင်၊ နှစ်သိမ့်ဆုများကို ကရင်ပြည်နယ် လှိုင်းဘွဲ့ အထက နဝမတန်းမှ မနန်းယုနွယ်သင်း၊ တနင်္သာရီတိုင်း ထားဝယ် အထက(၂) နဝမတန်းမှ မောင်ကောင်းထက်စိုး၊ ပဲခူးတိုင်း(အနောက်ပိုင်း) သဲကုန်းမြို့နယ် ဆင်မြီးဆွဲ အထက အဋ္ဌမတန်းမှ မသီတာဝင်း၊ ပဲခူးတိုင်း(အရှေ့ပိုင်း) သနပ်ပင်မြို့နယ် ကမာစဲ အလက အဋ္ဌမတန်းမှ မနှင်းဝေလွင်၊ မွန်ပြည်နယ် ကျိုက်ထို အထက(၁) အဋ္ဌမတန်းမှ မမေဖူးပွင့်ကျော်၊ ရခိုင်ပြည်နယ် ရသေ့တောင် အထက နဝမတန်းမှ မပြည့်ဖြိုးခိုင်၊ ကချင်ပြည်နယ် ဗန်းမော် အထက(၃) နဝမတန်းမှ မလွင်လွင်ဖြူ၊ ကယားပြည်နယ် ဒီမောဆိုမြို့နယ် နန်းမယ်ခုံ အထက နဝမတန်းမှ မစူးလျှာ၊ ချင်းပြည်နယ် ဟားခါး အထက(၁) နဝမတန်းမှ မရီတာဇန်ဖျက်နှမ်၊ မကွေးတိုင်း ပေါက်မြို့ အထက နဝမတန်းမှ မောင်လှိုင်မင်းထက်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန် အထက နဝမတန်းမှ မမေသကြိန်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ် အထက အဋ္ဌမတန်းမှ မောင်သွင်သိန်းဇံ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်း အထက အဋ္ဌမတန်းမှ မောင်ရှီးမွန်နှင့် ရန်ကုန်တိုင်း ကျောက်တန်း အထက(၂) နဝမတန်းမှ မချယ်ရီချစ်ဆုကျော်တို့က အသီးသီး ရရှိကြသည်။

**အခြေခံပညာအလယ်တန်းအဆင့်**

တပ်မတော်ဆိုင်ရာ အထွေထွေ ဗဟုသုတဉာဏ်စမ်းဖြေဆိုပွဲ အခြေခံပညာအလယ်တန်းအဆင့်ပြိုင်ပွဲတွင် ပထမဆုကို တနင်္သာရီတိုင်း ထားဝယ် အထက(၁) သတ္တမတန်းမှ မရွှေရည်ဆောင်း၊ ဒုတိယဆုကို မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် အထက(၁၁) ဆဋ္ဌမတန်းမှ မခင်သဥ္ဇာတင်၊ တတိယဆုကို ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲ အလက စကခ(၁) ဆဋ္ဌမတန်းမှ မထွေးသဥ္ဇာ၊ နှစ်သိမ့်ဆုများကို ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် အထက(ခွဲ)တောင်ပေါ်ရပ် သတ္တမတန်းမှ မောင်ခွန်သောင်းထိုက်စံ၊ ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီမြို့နယ် သုံးဆယ် အထက ပဉ္စမတန်းမှ မောင်ဟိန်းပြည့်လျှံ၊ ပဲခူးတိုင်း(အရှေ့ပိုင်း) ဖြူးမြို့ အထက (၂) သတ္တမတန်းမှ မခိုင်ရည်ဆွေ၊ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် အထက(၁) ပဉ္စမတန်းမှ မမေဘရဏီကျော်၊ ရခိုင်ပြည်နယ် မင်းပြား အထက သတ္တမတန်းမှ မဖြိုးဖြိုးဇံ၊ ဧရာဝတီတိုင်း ဓနုဖြူ အထက သတ္တမတန်းမှ မမေသူခိုင်၊ ကချင်ပြည်နယ် ဖားကန့် အထက သတ္တမတန်းမှ မောင်ဝေဇင်ထွန်း၊ ကယားပြည်နယ် ဒီမောဆိုမြို့နယ် နန်းမယ်ခုံ အထက ဆဋ္ဌမတန်းမှ မောင်ကျော်စိုးဝင်း၊ ချင်းပြည်နယ် တွန်းဇံ အထက သတ္တမတန်းမှ မခမ်ဒိတ်ကျိုန်၊ စစ်ကိုင်းတိုင်း မြောင်မြို့နယ် နဂါးပေါက် အထက ဆဋ္ဌမတန်းမှ မောင်စိုင်းခမ်းလုံ၊ မကွေးတိုင်း မကွေးမြို့ အလက(၂) ဆဋ္ဌမတန်းမှ မောင်လပြည့်အောင်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန် အထက သတ္တမတန်းမှ မမိုးသန္တာထွန်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်း အထက ဆဋ္ဌမတန်းမှ မောင်ဇော်ရဲဝင့်နှင့် ရန်ကုန်တိုင်း ကျောက်တန်း အလက (ရဲတပ်ရင်း) သတ္တမတန်းမှ မမျိုးသဥ္ဇာဇော်တို့က အသီးသီးရရှိကြသည်။

**အမြန်ဆက်သွယ်**

ဆုရရှိသူများသည် အတွင်းရေးမှူး အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့ တယ်လီဖုန်းအမှတ် ၅၃၆၈၁၄၊ ၅၂၇၁၂၂ လိုင်းခွဲ- ၁၀၄၊ ၁၄၈ တို့သို့ အမြန်ဆက်သွယ်ကြရန်ဖြစ်သည်။ ပထမ၊ ဒုတိယနှင့်တတိယဆုရရှိသူများကို နေပြည်တော်၌ကျင်းပမည့် ၂၀၀၅ခုနှစ်အတွက် အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုနှင့် (၁၇)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲတို့၏ ဆုနှင်းသဘင်အခမ်းအနားတွင် ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတိုင်းမှူးဗိုလ်ချုပ်ခင်ဇော် စီမံကိန်းရေးဆွဲရေးဆွဲမှန်းရန် အဆိုပြုချက်များညှိနှိုင်းအစည်းအဝေး၌ အမှာစကားပြောကြား

ရန်ကုန် ဒီဇင်ဘာ ၁၆

**မန္တလေးတိုင်း၏ ၂၀၀၇-၂၀၀၈ခုနှစ် စီမံကိန်းရည်မှန်းရန် အဆိုပြုချက်များညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ၁ရက် နံနက်၁၀နာရီခွဲက မန္တလေးမြို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် တက်ရောက်အမှာစကား ပြောကြားသည်။**

## တက်ရောက်

အခမ်းအနားသို့ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး ဦးခင်မောင်သန်းနှင့်အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများနှင့် စက်ရုံမှူးများ၊ ညောင်ဦး၊ မြင်းခြံ၊ ရမည်းသင်း၊ ပျဉ်းမနား၊ မိတ္ထီလာ၊ ပြင်ဦးလွင်၊ ကျောက်ဆည်ခရိုင်နှင့် မန္တလေးခရိုင်တို့မှ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊မြို့အုပ်ချုပ်ရေးမှူးများ၊ ခရိုင်စီမံကိန်းရေး ဆွဲရေးဦးစီးဌာနမှူးများ တက်ရောက်ကြသည်။

## တိုးတက်အောင်

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်က အမှာစကား ပြောကြားရာတွင် မန္တလေးတိုင်း၏ ၂၀၀၇-၂၀၀၈ခုနှစ် စီမံကိန်းရည်မှန်းရန် အဆိုပြုချက်များကို ညှိနှိုင်းရေးဆွဲရာတွင် ကဏ္ဍအလိုက်စာရင်းများသည် ဝန်ကြီးဌာန အဖွဲ့အစည်းများမှပေးပို့သည့် ညှိနှိုင်းစာရင်းများနှင့် ကိုက်ညီရန်အပြင် နိုင်ငံပိုင်အခန်း၊ သမဝါယမပိုင်အခန်း၊ ပုဂ္ဂလိကပိုင်အခန်းများကိုပါ ပိုင်ဆိုင်မှုအလိုက် တိုးတက်ရရှိအောင် ညှိနှိုင်းရေးဆွဲကြရန် လိုအပ်ကြောင်း၊ ကဏ္ဍအလိုက်တွင် လယ်ယာကဏ္ဍ အနေဖြင့်အဓိကသီးနှံများ၏ ပန်းတိုင်အထွက်နှုန်းများ ရရှိရေး၊ စိုက်စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေး၊ မြေလွတ်မြေရိုင်းများတွင် သီးထပ်သီးညှပ်များ တိုးချဲ့စိုက်ပျိုးရေး၊ သားငါးကဏ္ဍတွင် ပြည်တွင်းသုံးစွဲမှုဖူလုံပြီး ပြည်ပပို့ကုန်အဖြစ် တိုးချဲ့တင်ပို့နိုင်အောင် ဆောင်ရွက်ရန်နှင့် သစ်တောကဏ္ဍ၊ သတ္တုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍနှင့် ဆက်သွယ်ရေးကဏ္ဍများတွင်လည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် ခရိုင်များ အနေဖြင့်လည်း မိမိတို့၏ခရိုင်အတွင်း မြို့နယ်များ၏ ပကတိအခြေအနေမှန်များအပေါ်တွင် စိစစ်ကြပ်မတ်ပြီး သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်၍ အဆိုပြုချက်များကို မှန်မှန်ကန်ကန်နှင့် လက်တွေ့ဆောင်ရွက်နိုင်မည့် အဆိုပြုချက်များဖြစ်ရေး ကြိုးပမ်း ညှိနှိုင်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက်မန္တလေးတိုင်းစီမံကိန်းရေးဆွဲရေးဦးစီးရုံးတိုင်းတာဝန်ခံညွှန်ကြားရေးမှူးဦးစိန်လှိုင်က မန္တလေးတိုင်း၏ ၂၀၀၇-၂၀၀၈ခုနှစ် စီမံကိန်းရည်မှန်းရန် အဆိုပြုချက်များ ရေးဆွဲတင်ပြရန် ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

## ရှင်းလင်း

ဆက်လက်၍ ညောင်ဦး၊ မြင်းခြံ၊ ရမည်းသင်း၊ ပျဉ်းမနား၊ မိတ္ထီလာ၊ ပြင်ဦးလွင်၊ ကျောက်ဆည်နှင့် မန္တလေးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက သက်ဆိုင်ရာခရိုင်များအလိုက် ၂၀၀၇-၂၀၀၈ခုနှစ် စီမံကိန်းရည်မှန်းရန်အဆိုပြုချက်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

**(သတင်းစဉ်)**





## အမှာစကားပြောကြား

**မန္တလေးမြို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသော မန္တလေးတိုင်း၏ ၂၀၀၇-၂၀၀၈ခုနှစ် စီမံကိန်းရည်မှန်းရန် အဆိုပြုချက်များ ညှိနှိုင်းအစည်းအဝေးတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

# သာယာဝတီမြို့နယ် စံပြအလက အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

သာယာဝတီမြို့နယ် စံပြအခြေခံပညာအလယ်တန်းကျောင်း၌ တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့်အငြိမ်းစားဆရာ၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ၂၅ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ဒေါ်အရိန်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသူ၊ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် လှူဒါန်းငွေများကို ဦးစိုးနိုင် (မြို့နယ်ပညာရေးမှူး) ဖုန်း-၀၅၅-၃၀၀၇၀၊ ဦးတူတူ(ခ) ဦးသိန်းထွန်း ဖုန်း-၀၅၅-၃၀၃၀၆၊ ဦးလေးလွင် ဖုန်း-၀၁-၅၈၀၄၂၀၊ ဦးထွန်းမြတ် ဖုန်း-၀၁-၆၅၂၉၀၅၊ ဦးမျိုးသန့်ချော ဖုန်း-၀၅၅-၃၀၇၀၅၊ ဒုတိယဗိုလ်မှူးကြီးတင်စိုး(ငြိမ်း) ဖုန်း-၀၁-၅၃၇၂၇၁နှင့် ဦးဖြိုးမင်းအေး ဖုန်း-၀၁-၅၅၂၂၀၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က-ပ)**

# ဒေသဖွံ့ဖြိုးရေးအထောက်အကူပြုလမ်းများဖြစ်၍ စိတ်စေတနာကောင်းဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဒီဇင်ဘာ၁၅ရက် နံနက်ပိုင်းက ဥသျှစ်ပင်ရှိ ကြံခင်း-ပခုက္ကူရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၏ ကြံခင်း-ဥသျှစ်ပင်လမ်းပိုင်း ဖောက်လုပ်ရေးစီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိကြရာ ဝန်ကြီးနှင့်အဖွဲ့အား မြန်မာ့မီးရထားမှ စီမံကိန်းဒါရိုက်တာ ဦးမျိုးဝင်းက ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းအနက် စတင်ဆောင်ရွက်နေပြီဖြစ်သော မိုင်၄၀အရှည် ကြံခင်း-ဥသျှစ်ပင်လမ်းပိုင်းနှင့်ပတ်သက်၍ မြေသားလုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ တံတားများတည်ဆောက်ရေးဆောင်ရွက်မှု၊ စက်ယန္တရားများရရှိမှုနှင့် လုပ်ငန်းလိုအပ်ချက်တို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဦးဖေသန်းက ဖြည့်စွက်တင်ပြသည်။

## ဝိုင်းဝန်းကြိုးပမ်း

ယင်းနောက် ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့် အစီအမံကို ရှင်းလင်းပြောကြားပြီး ပွင့်လင်းရာသီဖြစ်၍ မြေသားလုပ်ငန်းရော တံတားလုပ်ငန်းများပါ တစ်ပြိုင်တည်း တိုးတက်နေအောင် ကြိုးစားဆောင်ရွက်ရေး၊ ဒေသခံပြည်သူများ၏ သွားလာရေးနှင့် ဒေသဖွံ့ဖြိုးရေးကို များစွာအထောက်အကူပြုစေမည့် လမ်းကြောင်းဖြစ်၍ စိတ်စေတနာကောင်းဖြင့် ဝိုင်းဝန်းကြိုးပမ်းရေး မှာကြားသည်။

## လိုက်လံစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ၆၀၂၃သမ၅ပေအရှည်ရှိ ကျောက်ဖူးချောင်းတံတား တည်ဆောက်ရေး လုပ်ငန်းခွင်သို့ လည်းကောင်း၊ ပေ ၁၃၇၀ အရှည်ရှိ သလဲတန်းချောင်းတံတားတည်ဆောက်ရေး လုပ်ငန်းခွင်သို့လည်းကောင်း၊ ပုသိမ်-မုံရွာကားလမ်းကူး မြေသားလုပ်ငန်းဆောင်ရွက်မှုကိုလည်းကောင်း၊ ပေ ၄၆၀အရှည်ရှိ ခဝါချောင်းတံတား တည်ဆောက်ရေး လုပ်ငန်းခွင်သို့ လည်းကောင်း၊ ဘက်ရဲဘူတာ ယာဒ်ဝင်းတည်ဆောက်မည့်နေရာ၌ မြေသားလုပ်ငန်းဆောင်ရွက်နေမှုကို လည်းကောင်း၊ ယန္တရားများဖြင့် မြေသားလုပ်ငန်းဆောင်ရွက်နေမှုကို လည်းကောင်း လိုက်လံစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

## ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် ပုသိမ်-ကြံခင်းလမ်းပိုင်းမှ ပြန်လည်တည်ဆောက်နေသော ဖားရှည်းတံတားတည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ စီမံကိန်းဒါရိုက်တာ ဦးမျိုးဝင်းက တံတားပြန်လည် တည်ဆောက်ခြင်း ပြီးစီးမှုအခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

## မှာကြား

ယင်းနောက် ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်**

# အင်တာနက် သတင်းနှင့်ဓာတ်ပုံ



## သက်သတ်လွတ်စားခြင်းနှင့် အိုင်ကျူမြင့်မှုဆက်စပ်နေ

**ဉာဏ်ရည်ဉာဏ်စွမ်းရှိသည့် ကလေးသူငယ်များသည် အသက်အရွယ်ရလာသောအခါ သက်သတ်လွတ်သမားများ ပိုဖြစ်လာသည့် သဘောရှိကြောင်း လေ့လာတွေ့ရှိရသည်။**

### ဉာဏ်ရည်ထက်မြတ်

**အသက်၃၀အရွယ် သက်သတ်လွတ်သမားများမှာ အသက်၁၀နှစ်အရွယ်၌ ပျမ်းမျှအားဖြင့် ဉာဏ်ရည်(အိုင်ကျူ) ငါးမှတ်ပိုများသည့် ဉာဏ်ရည်ထက်သော ကလေးများဖြစ်သည်ကို ဆောက်သမ်ပတန်တက္ကသိုလ်မှ သုတေသီများက တွေ့ရသည်ဆိုသည်။**

### ဆက်စပ်နေ

**မည်သည့်အတွက် ဉာဏ်ရည်ဉာဏ်ကဲ(အိုင်ကျူ) မြင့်မားသူများမှာ သက်သတ်လွတ်သမားများအဖြစ် ပိုမိုကျန်းမာနေရသနည်းဆိုသော် ၎င်းတို့စားသောက်သည့် စားနေကျ အစားအစာများသည် နှလုံးရောဂါနှင့် အဝလွန်မှု လျော့ပါးခြင်းနှင့်ဆက်စပ်နေသည့်အတွက် ဖြစ်နိုင်သည် ဆို၏။**

**ဗြိတိသျှ ဆေးပညာဂျာနယ်တွင် လူ ၈၁၇၉ဦးအား လေ့လာတွေ့ရှိချက်ကိုဖော်ပြထားသည်။ ၁၉၇၀ပြည့်နှစ်က အိုင်ကျူစမ်းသပ်မှုများပြုလုပ်အပြီး အနှစ်၂၀အကြာတွင် ၎င်းတို့အနက် လူ၁၀၀ကျော်မှာ ငါး(သို့မဟုတ်) ကြက်သားကို စားကြသည်ဆိုသော်လည်း ၃၆၆ဦးမှာ သက်သတ်လွတ်သမားများဖြစ်ကြသည်။**

### အိုင်ကျူအဆင့်

**အမျိုးသားများအနက် သက်သတ်လွတ်သမားများက အိုင်ကျူအဆင့် ၁၀၆ရှိပြီး၊ အသားစားသူများက အိုင်ကျူအဆင့် ၁၀၁သာရှိသည်။ အမျိုးသမီးများတွင်မူ သက်သတ်လွတ်သမားများက အိုင်ကျူအဆင့်၁၀၄ရှိပြီး၊ အသားစားသူများက အိုင်ကျူအဆင့် ၉၉သာရှိကြောင်းတွေ့ရသည်။**

(ကိုးကား-အင်တာနက်)

## ပုံမှန်ကိုယ်လက်လှုပ်ရှားခြင်းဖြင့် အူမကြီးကင်ဆာ ကင်းဝေးနိုင်

ပုံမှန် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ပေးခြင်းဖြင့် အူမကြီးကင်ဆာဖြစ်စေမည့်အန္တရာယ်ကို သိသိသာသာလျော့ပါးသွားစေမည်ဟု နိုင်ငံတကာ သုတေသန ပြုချက်အရ သိရသည်။

### ရာခိုင်နှုန်းနည်း

ဥရောပ ၁၀နိုင်ငံမှ ပြည်သူ၄၁၃၀၀၀တို့ထံမှ ကိုယ်လက်လှုပ်ရှားမှုဆိုင်ရာ အချက်အလက်များကို ဆန်းစစ်ကြည့်ရာတွင် ကိုယ်လက်လှုပ်ရှားမှုရှိသူများအနေဖြင့် အူမကြီးကင်ဆာရောဂါဖြစ်နိုင်ခြေ ၂၂ရာခိုင်နှုန်း ပိုနည်းသည်ကို တွေ့ရသည်ဆို၏။

### ဖြစ်နိုင်ခြေ

တစ်နာရီကြာ နေ့စဉ်အားမာန်ပါသော ကိုယ်လက်လှုပ်ရှားမှု သို့မဟုတ် နေ့စဉ်နှစ်နာရီခန့် အတော်အတန်အားထည့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ပေးခြင်းဖြင့် အူမကြီးကင်ဆာဖြစ်နိုင်ခြေ လျော့ချရန် လုံလောက်ကြောင်း တွေ့ရသည်။

### ကိုယ်လက်လှုပ်ရှား

တက်ကြွလှုပ်ရှားသူများမှာ ကိုယ်အလေးချိန် အဆမတန် မများသဖြင့် အူမကင်ဆာ ရောဂါဖြစ်နိုင်ခြေ ပိုမိုနည်းပါးသည်ဟုဆို၏။ ကိုယ်လက်လှုပ်ရှားခြင်းမှာ အားကစားရုံသို့ သွားမှမဟုတ်ဘဲ တစ်စုံတစ်ရာကို ချွေးစို့အောင်ပြုလုပ်ပြီး အစားကောင်းကောင်းစားပေးက ရောဂါကင်းဝေး အစဉ်ကျန်းမာစေနိုင်သည်ဆို၏။

**(ကိုးကား-အင်တာနက်)**



# မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော် (၂၀၀၆) လေ့လာသူများပြား ရေထွက်ပစ္စည်းထုပ်ပိုးမှုများ ငါး၊ ပုစွန်မွေးမြူရေး ပြကွက်များထူးခြား

သတင်းမြင်ကွင်း - မြင့်မောင်စိုး၊ ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဒီဇင်ဘာ ၁၆

**မြန်မာ့ရေထွက်ပစ္စည်း ဈေးပွဲတော်(၂၀၀၆)ကို မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တည်ရှိရာ ဘုရင့်နောင် လမ်းမကြီးနှင့် အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဆေးဝါးစက်ရုံလမ်းထောင့်၌ ဒုတိယမြောက်နေ့အဖြစ် ဒီဇင်ဘာ ၁၆ ရက်က ဆက်လက်ခင်းကျင်း ပြသရောင်းချလျက်ရှိသည်။**

ရေထွက်ပစ္စည်းများဖြစ်သည့် ငါး၊ ပုစွန်များထုပ်ပိုးမှု၊ ငါးပုစွန် သားပေါက်များ မွေးမြူထုတ်လုပ်ဖြန့်ချိမှု၊ ပြည်တွင်းပြည်ပ ဈေးကွက်များ၌ တင်ပို့ရောင်းချရာတွင် တိကျသော အချိန်အတွယ်များ၊ ရေလုပ်ငန်း စက်လှေများတွင် သုံးစွဲသော စက်သုံးဆီ ဖြန့်ချိရောင်းချပေးမှု စသောလုပ်ငန်းများနှင့် စပ်လျဉ်း၍ သတင်းပြန်ကြားပေးနိုင်ရန် မြန်မာ့အလင်းသတင်းအဖွဲ့က အဆိုပါ မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော်သို့ သွားရောက်လေ့လာမေးမြန်းခဲ့သည်။

## ခေတ်မီစနစ်

ရှေးဦးစွာ ငါးမျိုးကောင်းမျိုးသန့်များ ခေတ်မီငါးသားဖောက်စနစ်ဖြင့် ထုတ်လုပ်ဖြန့်ဖြူးပေးနေသော ဧရာဝတီ ခေတ်မီ ငါးသားပေါက်စခန်း ပြခန်းမှ ဦးဝင်းကြိုင်က ပြောကြားရာတွင် ဧရာဝတီခေတ်မီငါးသားပေါက် စခန်းကို ခရမ်းမြို့နယ် ကမာမတ်စံပြကျေးရွာ၌ လည်းကောင်း၊ ဧရာဝတီ ငါးသားပေါက်ဖြန့်ချိရေးကို တွံတေးမြို့ တစ်ဖက်ကမ်း ဇီးဖြူကုန်း ရေတံခါးအနီး၌ လည်းကောင်း လုပ်ကိုင်လျက်ရှိကြောင်း၊ ဧရာဝတီခေတ်မီငါးသားပေါက်စခန်း၏ အားထုတ်ကြိုးပမ်းဆောင်ရွက်ချက်များကြောင့် ၂၀၀၃-၂၀၀၄ခုနှစ်နှင့် ၂၀၀၅ခုနှစ်တို့တွင် ရေချိုငါးသားပေါက် ထုတ်လုပ်မှုထူးချွန်ဆုကို သုံးကြိမ်တိုင်ဆက်တိုက် ချီးမြှင့်ခြင်းခံရကြောင်း၊ မျိုးကောင်းမျိုးသန့်မျိုးငါးများဖြင့် စနစ်တကျရွေးချယ်ဖောက်လုပ်ထားသော ရောဂါကင်းသန်စွမ်းသည့် ငါးမြစ်ချင်း၊ ငါးတန်၊ သဘာဝငါးမြစ်ချင်း၊ ငါးသိုင်းခေါင်းပွ၊ ငါးကြင်းဖြူ၊ ရေချို ငါးမုတ်နှင့် တီလားပီးယား စသော ငါးမျိုးများကို မွေးမြူရေးလုပ်ငန်းရှင်များ၏ကန်များ အတွင်းသို့ အသေ အပျောက်မရှိစေဘဲ အရောက်ပို့ပေးနေကြောင်း ဦးစွာ ပြောကြားသည်။

ဧရာဝတီငါးသားပေါက်စခန်းမှ အရောင်အသွေးကောင်းပြီး ကြီးထွားနှုန်းကောင်းသည့် ငါးမြစ်ချင်းတစ်မျိုးကို ထုတ်လုပ်ပေးနေကြောင်း၊ ယင်းငါးမြစ်ချင်းမျိုးသစ်များသည် ငါးကြော မာ၍ တင်ပို့ရောင်းချရာနှင့် အရွေ့အပြောင်းပြုလုပ်ရာတွင် ခံနိုင်မှုပိုရှိကြောင်း၊ ယင်းငါးမြစ်ချင်းမျိုးသစ်ကို



**Ocean Princessမှ ငါး၊ပုစွန်နှင့် ပင်လယ်စာ အဆင့်မြင့် ထုပ်ပိုးထားသော ငါး၊ ပုစွန် အသားချောင်းအမျိုးမျိုးပြကွက်။**

ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

ရေလုပ်ငန်းရှင်များ မွေးမြူထုတ်လုပ်ခြင်းဖြင့် လုပ်ငန်းရှင်များရော နိုင်ငံတော်အတွက်ပါ အကျိုးအမြတ်ပို၍ ရရှိနိုင်မည် ဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

## စိစစ်ရွေးချယ်ဖောက်လုပ်

ထို့နောက် ရေချိုပုစွန်သားပေါက်များ ထုတ်လုပ်ရောင်းချပေးနေသော ပီအေဂျီကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးတင်ထွန်းဦးက "ပီအေဂျီကုမ္ပဏီမှ ထုတ်လုပ်သော ရေချိုပုစွန်များသည် ပြည်တွင်း၌ မွေးမြူရန်သင့်တော်သော ရေချိုပုစွန်ဥဆောင်အမများကို သေချာစွာစိစစ်ရွေးချယ်ပြီး ဖောက်လုပ်ထားသဖြင့် ကြီးထွားနှုန်းကောင်းသောမျိုးများဖြစ်ကြောင်း၊ အာမခံဖြင့်ရောင်းချပေးနေကြောင်း၊ ရေချိုပုစွန်အသားတိုးမွေးမြူသူများ လိုအပ်သောရေချိုပုစွန်သားပေါက်များကို ကြိုတင်မှာကြားခြင်းဖြင့် လိုသလောက်ရောင်းချပေးနိုင်ရန်အတွက် နှစ်စဉ်တိုးချဲ့ထုတ်လုပ်ပေးလျက်ရှိကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

ရေချိုပုစွန်အသားတိုး ထုတ်လုပ်မှုကို ထန်းတပင်မြို့နယ် ဘောလည်ကျွန်း၌လည်းကောင်း၊ ဧရာဝတီတိုင်း ပန်းတနော်ရေနက်ကွင်း၌လည်းကောင်း၊ ရေချိုပုစွန်စတင်မွေးမြူလိုသူများကို နည်းပညာ အခမဲ့ဖြန့်ဝေပေးခြင်း၊ ရေချိုသားပေါက်ပုစွန်များရောင်းချပေးခြင်း၊ လိုအပ်သောပုစွန်အစားအစာနှင့် ဆေးဝါးများမှာယူခြင်း၊ မွေးမြူရေးဆိုင်ရာ လိုအပ်ချက်များအကြံပေးခြင်းဖြင့်ကူညီပေးနေကြောင်း၊ ပုစွန်မွေးမြူလိုသူများအား အင်းစိန်မြို့နယ် ဘုရင့် နောင်လမ်းမကြီး မြို့မဈေးရှေ့တိုက် အမှတ်၃၇၀/၃၇၁၌ ရုံးခန်းဖွင့်လှစ်၍ ဆောင်ရွက်ပေးနေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

## စက်သုံးဆီနှင့်ချောဆီ

ထို့နောက် ငါးဖမ်းစက်လှေများ၊ အအေးခန်းများသုံးစွဲသော စက်သုံးဆီများနှင့်ပတ်သက်၍ မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော်တွင် တစ်ခန်းတစ်ကဏ္ဍအဖြစ် လာရောက်ခင်းကျင်းပြသသော TOTAL စက်သုံးဆီနှင့် ချောဆီများထုတ်လုပ်ရောင်းချပေးနေသည့် Global Lucky Group ကုမ္ပဏီလီမိတက်သည်လည်း အပါအဝင်ဖြစ်သည်။

ပင်လယ်ပြင်တွင် သွားလာနေသော ငါးဖမ်းစက်လှေများ၊ သင်္ဘောကြီးများသည် ပင်လယ်ပြင်အတွင်း အင်ဂျင်များ ၂၄နာရီပတ်လုံးမောင်းနှင်နိုင်ရန်ရည်ရွယ်၍ AA Marketing မှ တင်သွင်းကာ Global Lucky Groupကုမ္ပဏီက အရောင်းကိုယ်စားလှယ်အဖြစ်ဆောင်ရွက်ပေးနေကြောင်း၊ အထက်မြန်မာပြည်အတွက် မြို့တော်ရောင်းဝယ်ရေးက ဖြန့်ချိပေးနေကြောင်း ဦးစွာရှင်းလင်းပြောကြားသည်။

## အရည်အသွေးထိန်းထားနိုင်

Total စက်သုံးဆီ၊ ချောဆီများသည် အပူချိန်မြင့်မားခြင်း၊ Pressure မြင့်မားခြင်းတို့အပြင် မြန်နှုန်းမြင့်မားသောစက်အပတ်ရေတို့ကြောင့် စေးပြစ်မှု၊ အရည်အသွေးပြောင်းလဲခြင်းမရှိအောင် ထိန်းထားနိုင်သော ဂုဏ်သတ္တိများရှိသည့်ချောဆီဖြစ်ပြီး Global Lucky Group က ကမ္ဘာအေးဘုရားလမ်း အမှတ်၇/၄၅ မရမ်းကုန်းမြို့နယ်၌ရုံးစိုက်ဖွင့်လှစ်ကာ ရောင်းချပေးလျက်ရှိကြောင်း ပြောကြားသည်။

အဆိုပါ မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော်ပြခန်းတွင် အာရှကြီးပွားတိုးတက်ရေးကုမ္ပဏီမှ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့် နတ်သုဓာ ငါးအသားစုံပြခန်းလည်း ပါဝင်သည်။

နတ်သုဓာ ငါးအသားစုံများကို လှိုင်သာယာမြို့နယ် ရေလုပ်ငန်း စက်မှုဇုန်မှထုတ်လုပ်ပြီး မြို့နယ်အလိုက် ကိုယ်စားလှယ်များထားရှိ၍ ရောင်းချရေးလုပ်ဆောင်နိုင်ရန် ပြုလုပ်ထားကြောင်း သိရသည်။

နတ်သုဓာ ငါးအသားစုံများကို သန့်ရှင်းလတ်ဆတ်စွာဖြင့် စနစ်တကျ ထုပ်ပိုး၍ အလေးချိန် တိကျမှန်ကန်စွာ ချိန်တွယ်ပြီး ဈေးကွက်များသို့ တင်ပို့လျက်ရှိကြောင်း၊ အသုံးပြုသည့် ငါးအမျိုးအစားများမှာ ငါးကြင်း၊ ငါးမြစ်ချင်း၊ငါးဘဲဖြူ၊ငါးတန်၊ငါးခုံးမ၊ တီလားပီးယားနှင့် ငါးခေါင်းပွတို့ ဖြစ်ကြောင်းသိရသည်။

တစ်ဖန် ငါး၊ပုစွန် အမျိုးမျိုး တို့ကို ပုံစံအမျိုးမျိုးဖြင့် ထုတ်လုပ် ဖြန့်ဖြူးရောင်းချနေသော Ocean Princess သည် အပါအဝင်ဖြစ်သည်။

## အလွယ်တကူဝယ်ယူနိုင်

ငါး၊ပုစွန်၊ ကင်းမွန်၊ဂဏန်းနှင့် ပင်လယ်စာအစုံကို အိမ်ရှင်မများအတွက် အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်ရန် ရည်ရွယ်ပြီး အဆိုပါ Ocean Princess မှ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချနေကြောင်း၊ ပင်ရင်းအဖြစ် စမ်းချောင်းမြို့နယ် ဓမ္မစေတီလမ်း မြေနီကုန်းတောင်ရပ်ကွက်၌ ထုတ်လုပ် ရောင်းချပေးနေကြောင်း သိရသည်။

## ဖြန့်ချိ

ယင်းရေထွက်ပစ္စည်း အသင့်ထုပ်ပိုး ရောင်းကုန် ပစ္စည်းဆိုင်များကို စူပါမားကက်များ၊ဟိုတယ်၊ မိုတယ်များနှင့် အသားကင်ဆိုင်များတွင် လက်လီလက်ကား ဖြန့်ချိရောင်းချပေးနေကြောင်း သိရသည်။

## အလွန်အကျိုးထူး

သို့ဖြစ်ရာ မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော်သည် ရေထွက်ပစ္စည်းနှင့်ပတ်သက်၍ ငါး၊ ပုစွန် ထုတ်လုပ်မွေးမြူမှု၊ ထုပ်ပိုးရောင်းချမှု၊ ရေလုပ်ငန်းသုံး စက်ပစ္စည်းအမျိုးမျိုး အသုံးဝင်မှု စသော ပြကွင်း ပြကွက်များက လာရောက်လေ့လာသူများအား ဗဟုသုတ တိုးပွားစေမည့်အပြင် ရေလုပ်ငန်း လုပ်ကိုင်လိုသူများအတွက် အလွန်အကျိုးထူးများ ရရှိစေမည့် ပြပွဲဖြစ်ပါကြောင်း ကွင်းဆင်းမေးမြန်း ရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

## ကြည့်ရှုလေ့လာ

**မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ မြန်မာ့ရေထွက်ပစ္စည်း ဈေးပွဲတော် (၂၀၀၆)တွင် Total မှ ထုတ်လုပ်ပြီး ငါးဖမ်းစက်လှေများ၊ အအေးခန်းသုံး (Compressor)များတွင် အသုံးပြုသည့် စက်သုံးဆီ၊ ချောဆီအမျိုးမျိုးကို ပြည်သူများ ဉာဏ်သို့စိတ်ဝင်တစား ကြည့်ရှုလေ့လာခဲ့ကြသည်။** ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)




**နတ်သုဓာ ငါးအသားစုံ ထုတ်လုပ်မှုပြခန်းတွင် ပြည်သူများ ဉာဏ်သို့ လေ့လာခဲ့ကြသည်။**

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



**ဧရာဝတီ ငါးသားပေါက်စခန်းမှ မွေးမြူထုတ်လုပ်လျက်ရှိသော ငါးမြစ်ချင်းမျိုးသစ်။** ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



## စက်မှု(၁)အထူးဈေးရောင်းပွဲတော် လှိုင်အားကစားကွင်း၌ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၆

**အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကို ဒီဇင်ဘာ၂၁ ရက်မှ ၃၀ ရက်အထိ နေ့စဉ်နံနက် ၈ နာရီမှ ည ၈ နာရီအထိ လှိုင်မြို့နယ် လှိုင်အားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး အဆိုပါ အထူးဈေးရောင်းပွဲတော်တွင် စက်မှု(၁)မှထုတ်လုပ်သည့် လူသုံးကုန်ပစ္စည်းမျိုးစုံကို အထူးဈေးနှုန်းဖြင့် လက်လီလက်ကား ရောင်းချပေးမည်ဖြစ်ကြောင်းသတင်းရရှိသည်။** (သတင်းစဉ်)

## သံတွဲခရိုင်အသင်း မိတ်ဆုံစားပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၆

သံတွဲခရိုင်အသင်း(ဂွ-တောင်ကုတ်-သံတွဲ)မိတ်ဆုံစားပွဲကို ဒီဇင်ဘာ၃၁ ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကန်တော်မင်္ဂလာပန်းခြံ (ရွှေတိဂုံဘုရားတောင်ဘက်မုခ်အနီး)၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများနှင့် အသင်းမဝင်ရသေးသည့် ခရိုင်သူ ခရိုင်သားများအားလုံး တက်ရောက်နိုင်ကြောင်းသိရသည်။

### ဝယ်ယူသုံးဆောင်နိုင်

မိတ်ဆုံစားပွဲတွင် ရခိုင်မုန့်တီ၊ ဒေသထမင်းဟင်းလျာတို့ဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်ပြီး ဒေသထွက် စားသောက်ဖွယ်ရာများကို ဝယ်ယူသုံးဆောင်နိုင်သည့် အစီအစဉ်များလည်းပါရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ရန်ကုန်တိုင်း ၂၀၀၆ခုနှစ်ဒီဇင်ဘာတတိယပတ် လူထုလမ်းလျှောက်ပွဲပြည်သူများတပျော်တပါးဆင်နွှဲ

ရန်ကုန် ဒီဇင်ဘာ ၁၆

**ရန်ကုန်တိုင်း ၂၀၀၆ခုနှစ် ဒီဇင်ဘာ တတိယပတ်လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်၆နာရီက ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်ရှိ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း တက်ရောက်၍ ပြည်သူအများနှင့်အတူ စုပေါင်းပါဝင်ဆင်နွှဲသည်။** (အပေါ်ပုံ)

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ အားကစားသမားများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူများနှင့် ပြည်သူလူထုအင်အား၁၅၅၀၀သည် လူငယ်အားကစား လေ့ကျင့်ရေးစခန်းကိုပတ်၍ တပျော်တပါး စုပေါင်းလမ်းလျှောက်ကြသည်။

ထို့နောက် စုပေါင်းလမ်းလျှောက်ပွဲအပြီးတွင် ပြည်သူများသည် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ရှိ လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ စုပေါင်း ကိုယ်လက်ကြံ့ခိုင်ရေးအတွဲ (၁)နှင့်(၂)တို့ကို ပြုလုပ်ကြပြီး အားကစားပြိုင်ပွဲများကို တပျော်တပါး ကျင်းပကြသည်။

**ပါဝင်ဆင်နွှဲ**

ရန်ကုန်တိုင်း ၂၀၀၆ခုနှစ် ဒီဇင်ဘာတတိယပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်နှင့် မြို့နယ်များအလိုက် ကျင်းပကြရာ အောင်ဆန်းအားကစားကွင်းစုရပ်၌ ပြည်သူလူထုအင်အား ၁၃၀၀၀ကျော်၊ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)၌ အင်အား၁၅၅၀၀ကျော်နှင့် ကျိုက္ကဆံကွင်းစုရပ်၌ အင်အား၁၂၀၀၀ကျော် ပါဝင်ဆင်နွှဲကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မဟာဝိဇယ စေတီတော်ကြီးရှိ အောင်ခြင်းရှစ်ပါး ပန်းချီကား ပေ ၃၀ x၆၀ ပေတစ်ချပ် ပြန်လည်ရေးဆွဲခြင်းအတွက် အလှူငွေကျပ် ၇၅၀၀၀၀ ကို ကျောက်တံတား မြို့နယ်နေ ဒေါက်တာတင်အောင်ခိုင်၊ ဒေါက်တာစပါယ်တင် မိသားစုတို့က လှူဒါန်းခြင်းကို ဒေါက်တာဝင်းကျော်မှ ပေးအပ်ရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းကျော်နှင့်အဖွဲ့ဝင် ဦးတင်အုန်းတို့ လက်ခံယူစဉ်။ (က–ပ)



# နေပြည်တော်ကို အမြန်တိုးတက်အောင်ဆောင်ရွက်လျက်ရှိ လုပ်ငန်းရှင်များ စိတ်အေးချမ်းသာစွာ လုပ်ငန်းများဆောင်ရွက်နိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၆**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော် မြို့တော်ဝန်ဗိုလ်မှူးကြီးသိန်းညွန့်သည် ယနေ့နံနက်၁၀နာရီက နေပြည်တော် မြို့တော်ခန်းမ၌ နေပြည်တော်တွင် တည်ဆောက်နေသော အဆင့်မြင့်ဈေး Shopping Complex၌ လုပ်ငန်းလျှောက်ထားသူ လုပ်ငန်းရှင်များအား တွေ့ဆုံ အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

**တက်ရောက်**

တွေ့ဆုံပွဲသို့ နေပြည်တော် အထူးတည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုးနှင့် အဖွဲ့ဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊အဆင့်မြင့်ဈေး Shopping Complex ဆောက်လုပ်မည့် ကုမ္ပဏီများမှတာဝန်ခံများ၊ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်က အထူးဖွံ့ဖြိုးရေးစီမံကိန်းအဖွဲ့က နေပြည်တော်ကို အမြန်တိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီး ဆက်သွယ်ရေး လုပ်ငန်းများနှင့် ရေရရှိရေးလုပ်ငန်းများကို အဘက်ဘက်မှ ပြည့်စုံအောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသဖြင့် လုပ်ငန်းရှင်များ အနေဖြင့် စိတ်အေးချမ်းသာစွာ လုပ်ငန်းများ ဆောင်ရွက်ကြစေလိုကြောင်းဖြင့် အသေးစိတ်ရှင်းလင်း ပြောကြားသည်။

**အဆင့်မြင့်ဈေး**

ထို့နောက် အဆောက်အအုံအရည်အသွေးစစ်ဆေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်စိုးက အဆောက်အအုံများ အရည်အသွေး ထိန်းသိမ်းဆောင်ရွက်မည့် လုပ်ငန်းကို လည်းကောင်း၊ စီမံကိန်းအင်ဂျင်နီယာမှူးကြီး ဦးမျိုးအောင်က လမ်းလုပ်ငန်းဆောင်ရွက်မှုများနှင့် အဆင့်မြင့်ဈေး မြေကွက်ဖော်ထုတ်မှု အခြေအနေများကို လည်းကောင်း၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းက တည်ဆောက်မည့် အဆောက်အအုံပုံစံများနှင့် အကွက်ချပုံစံများကို လည်းကောင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှုဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦးက လျှပ်စစ်မီးရရှိမှု အခြေအနေနှင့် ထပ်မံဆောင်ရွက်ပေးမည့် အခြေအနေများကို လည်းကောင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဒုတိယအင်ဂျင်နီယာချုပ် ဦးဉာဏ်ဝင်းက တယ်လီဖုန်းလိုင်းများနှင့် ဆက်သွယ် ရေး အဆင့်မြင့်ဆောင်ရွက်မှု အခြေအနေကို လည်းကောင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းဒုတိယအင်ဂျင်နီယာချုပ် ဦးဆလိုင်းမျိုးမြင့်က စီမံကိန်းအတွင်း ရေရရှိမှု အခြေအနေနှင့် အဆင့်မြင့်ဈေး ရေပေးဝေဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း အသီးသီးရှင်းလင်း တင်ပြကြသည်။





**ပြန်လည်ဖြေကြား**

ယင်းနောက် အဆင့်မြင့်ဈေး Shopping Complex ဆောက်လုပ်မည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဝန်ကြီးနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

**အသေးစိတ်ရှင်းလင်း**

ထို့နောက် ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ယင်းနောက် ဝန်ကြီးသည် နေပြည်တော်ရှိ လမ်းများ၊ မြို့မဈေး၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများ တည်ဆောက်ပြီးစီးမှုများကိုလှည့်လည် ကြည့်ရှုကြပြီး အဆင့်မြင့်ဈေး Shopping Complex တည်ဆောက်မည့်နေရာသို့ ရောက်ရှိရာ ရှုရပ်မျှော်စင်၌ ဝန်ကြီးအား အဆင့်မြင့်ဈေး တည်ဆောက်နေသည့် လုပ်ငန်းများကို အသေးစိတ်ရှင်းလင်းပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကျိုက်ထိုဆရာတော်တရားပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ကျိုက်ထိုဆရာတော် အသျှင်နန္ဒောဘာသာဘိဝံသ (သ–စ–အ) ဓမ္မာစရိယ ပဋ္ဌာနိကာယဝိဒူ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ အရှင်သူမြတ်သည် ဒီဇင်ဘာ ၂၂ရက်တွင် ဒိုင်းဝန်ကွင်းရပ် မော်လမြိုင်မြို့၊ ၂၅ရက်၌ ပန်းလှိုင်ရပ် ပဲခူးမြို့၊ ၂၆ရက်တွင် သောကြာပတ်ဆွမ်းသိမ်းပွဲ ရွှေပြည်သာ၊ ၃၀၊၃၁ရက်တွင် အလူးလေးရွာ ကျိုက်ထိုမြို့နယ်၊ ၂၀၀၇ခုနှစ် ဇန်နဝါရီ၉ရက်တွင် နှစ်သစ်ကူးတရားပွဲ မင်္ဂလာဒုံနှင့်၁၁ရက်မှ ၁၇ရက်အထိ ကဋ္ဌနာပုံကျောင်း နတ္တလင်းမြို့ တရားစခန်းပွဲများ၌ တရားတော်မြတ်များ ဟောကြားမည်ဖြစ်သည်။ (က–ပ)

**တောင်ဥက္ကလာပမြို့နယ် မီးဘေးတားဆီးရေးနှင့် ကြီးကြပ်မှုကော်မတီနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော အကြိုအခြေခံမီးသတ်သင်တန်း အမှတ်စဉ်(၁/၂၀၀၆)ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၈ရက်က မြို့နယ်မီးသတ်စခန်း အစည်းအဝေးခန်းမတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်စိန် အမှာစကားပြောကြားစဉ်။** (က–ပ)




## ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်း ကွင်းဆင်းကုသပေး

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ရန်ကင်း ပြည်သာယာ(ကျိုက္ကဆံ၊ ILBCတာမွေလေး၊ သံလမ်းအနီး)၌ ဖွင့်လှစ်ထားသော ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းသည် နေ့စဉ်ပိတ်ရက်မရှိ ညနေ၄နာရီမှည၈နာရီအထိ အထွေထွေကုသခြင်း၊ တနင်္လာနေ့ ညနေ၄နာရီမှ ၆နာရီအထိ မျက်စိအထူးကု၊ ကြာသပတေး ညနေ၄နာရီမှ၅နာရီအထိ ကလေးအထူးကုများဆောင်ရွက်ပေးလျက်ရှိပြီး အိမ်တိုင်ရာရောက်စုရပ်တိုးချဲ့ အစီအစဉ်ဖြင့် ဆောင်ရွက်ရာတွင် တနင်္ဂနွေနံနက်တိုင်း မြောက်ဥက္ကလာပ ဝေဘာဂီလမ်း၊ တနင်္လာနေ့တိုင်း သုဝဏ္ဏ(၂၉)ရပ်ကွက်ကောက်လျှင်လမ်း၊ ဗုဒ္ဓဟူးနေ့တိုင်း မင်္ဂလာဒုံ(၁/က)ရပ်ကွက် (၂/က)ရပ်ကွက်၊ သောကြာနေ့တိုင်း ကြည့်မြင်တိုင် ထီးတန်းဈေးကလေး၊ စနေနေ့တိုင်း မှော်ဘီမြို့ဈေးခန်းမနှင့် ကျေးရွာများအထိ ကွင်းဆင်းကုသပေးရာ ဒီဇင်ဘာ၉ရက်က ဒေါက်တာဒေါ်ခင်သန်းနွဲ့ ဦးဆောင်သော ဆရာဝန်သုံးဦးနှင့် သူနာပြုဆေးပေးအဖွဲ့က မှော်ဘီမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဝေဒနာရှင် ၁၆၀ကျော်တို့အား အထွေထွေကုသမှုများ ပြုလုပ်ပေးခဲ့သည်။ အပတ်စဉ် ဆောင်ရွက်နိုင်ရန်အတွက် ဆေးနှင့်အလှူငွေများ ပါဝင်လှူဒါန်းမည့် အလှူရှင်များလိုအပ်လျက်ရှိရာ ရွှေပြည်ဟိန်းကျောင်း ဖုန်း–၅၄၁၄၉၃သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ပြည်သူ့အကျိုးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက် ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေ ဝန်ထမ်းများအားတွေ့ဆုံမှာကြား

**နေပြည်တော် ဒီဇင်ဘာ ၁၆**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် ယမန်နေ့ နံနက်၉နာရီတွင် မန္တလေးတိုင်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဦးစီးဌာနမှူးရုံး၌ မန္တလေးတိုင်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးဘိုရွှေနှင့် ဒုတိယတိုင်းဦးစီးဌာနမှူး၊ ခရိုင်ဦးစီးဌာနမှူးများ၊ မြို့နယ်ဦးစီးဌာနမှူးများ၊ တိုင်း/ခရိုင်/မြို့နယ်ရုံးများမှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

**ကြိုးပမ်းဆောင်ရွက်**

ဆက်လက်၍ ဝန်ကြီးက မိမိတို့ ဝန်ကြီးဌာနသည် အဂတိတရားကင်းပြီး ပြည်သူတို့၏အကျိုးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ကောင်းမွန်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ဝန်ကြီးသည် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ သွားရောက်၍ လေဆိပ်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၏ လူဝင်/လူထွက် စစ်ဆေးရေးကောင်တာ၊ နိုင်ငံကူးလက်မှတ်ကြီးကြပ်ရေး ကောင်တာများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဆုထူးပန်အထူးတရားစခန်း

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ရန်ကုန်တိုင်း သန်လျင်မြို့ အောင်ချမ်းသာ ၃ရပ်ကွက် ဆုထူးပန်ဝါးတောမြတ်မွန် ဝေဠုဝန်ဓမ္မရိပ်သာကြီး၌ ဒီဇင်ဘာ၁၉ရက်မှ ၂၆ရက်အထိ နိုင်ငံတော် ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဆုထူးပန်ဆရာတော်ကြီးနှင့် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ကထိက သာသနတက္ကသီလဓမ္မာစရိယ(B.A) မဟာဓမ္မာစရိယ(M.A)အရှင်ကုဋ္ဌမလတို့က သတိပဋ္ဌာန်တရားတော်များ ဟောပြောပြသမည် ဖြစ်သည်။ တရားစခန်းဝင်လိုသူများသည် အခမဲ့တရားစခန်း ဝင်နိုင်ပြီး ဖုန်း–၅၄၅၉၈၀၊ ၀၅၆–၂၁၉၂၆တို့သို့ ကြိုတင်ဆက်သွယ် စာရင်းပေးသွင်း စုံစမ်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

# သဲအင်းဂူတိုက်ခွဲ(၃၂) အဓိဋ္ဌာန်တရားစခန်းဖွင့်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာမြို့သစ်နှင့်အောင်လံမြို့ သဲအင်းဂူတိုက်ခွဲအမှတ်(၃၂) ဝိပဿနာဓမ္မရိပ်သာ၏ ပဓာနနာယက ကမ္မဋ္ဌာနာစရိယဖြစ်တော်မူသော သောတာပတ္တိမဂ်ရှုဖွယ် ကျမ်းပြုဆရာတော် အရှင် စန္ဒိမာ (အောင်လံ)၏ ကိုးရက်အဓိဋ္ဌာန် ဝိပဿနာတရားစခန်းကို ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း ဗဟန်း၃လမ်းထိပ် အဘိဓမ္မာဗိမာန်တော်ကြီး၌ ဒီဇင်ဘာ ၂၄ ရက်မှ ၂၀၀၇ခုနှစ် ဇန်နဝါရီ၁ ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများ အဘိဓမ္မာဗိမာန်တော်သို့ ဒီဇင်ဘာ ၂၃ ရက် ညနေ ၅ နာရီအရောက် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့်အတူ လာရောက် စာရင်းပေးသွင်းနိုင်ကြပြီး နေ့ဆွမ်း၊ အရုဏ်ဆွမ်းများလည်း လှူဒါန်းနိုင်ကာ ဖုန်း–၀၁–၅၄၆၆၇၀၊ ၂၅၃၇၃၄တို့သို့ စုံစမ်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

# လီဗာပူးတို့ ချာလ်တန်ကို အနိုင်ယူ မန်ယူနှင့်ချယ်လ်ဆီးတို့ကို အမီလိုက်လာ

**သတင်းမြင်ကွင်း – မြင့်စိုး**

လန်ဒန် ဒီဇင်ဘာ ၁၆

**ပရီမီယာလိဂ်ပွဲစဉ်(၁၈) ဘောလုံးပြိုင်ပွဲများကို ဒီဇင်ဘာ ၁၆ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးက အဝေးကွင်း၌ချာလ်တန်အသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။**

လီဗာပူးတို့ ဧည့်အသင်းအဖြစ် သွားရောက် ကစားခဲ့ရသော်လည်း အိမ်ရှင်ချာလ်တန်ကို ဘောလုံးပိုင်ဆိုင်မှုအများဆုံးဖြင့် ခြေစွမ်းပြကစားနိုင်ခဲ့သည်။

**ဗွေဆော်ဦးဂိုး**

ပွဲစပြီး သုံးမိနစ်မှာပင် လီဗာပူးအသင်းသည် ပင်းနန့်အား ချာလ်တန်နောက်တန်းလူ ထရိုရီက ကြမ်းတမ်းစွာကစားခဲ့သဖြင့် ဒိုင်လူကြီးက ပယ်နယ်တီကန်ခွင့်ပေးခဲ့သည်။ ယင်းပယ်နယ်တီကို အလွန်ဆိုက အမှားအယွင်းမရှိ ကန်သွင်းလိုက်သဖြင့် လီဗာပူးတို့ ဗွေဆော်ဦးဂိုးသွင်းနိုင်ခဲ့သည်။

ဧည့်သည်လီဗာပူးတို့ ယင်းဂိုးကြောင့် ခြေစွမ်းတက်လာပြီး ဂိုးသွင်းခွင့်များစွာ ရရှိခဲ့သည်။ သို့သော်လည်း ဟားမန်းအဝေးမှ ကန်သွင်းသော ဘောလုံးမှာ ဘားတန်းကျော်တက်သွားခဲ့သည်။

ဒါရင်ဒမ်ဘာရော့စ်နှင့် ဒါရင့်ဘင့်တို့အတွဲသည် ချာလ်တန်နောက်တန်းကို ထိုးဖောက်ကာ ခြိမ်းခြောက်ကစားနိုင်ခဲ့သည်။

**ဦးဆောင်ကစား**

ပထမပိုင်းတွင် အလွန်ဆို ပယ်နယ်တီသွင်းယူသောဂိုးဖြင့် လီဗာပူးတို့ ချာလ်တန်ကို ဦးဆောင်ကစားခဲ့သည်။ ချာလ်တန်တို့ ချေပဂိုးသွင်းရန် ကြိုးစားသော်လည်း ပထမပိုင်း ပွဲပြီးသွားခဲ့သည်။



**လီဗာပူးအသင်းအတွက် ပွဲသိမ်းဂိုးသွင်းပြီး အောင်ပွဲခံနေသော စတီဗင်ဂျရတ်။**
(ဓာတ်ပုံ–အင်တာနက်)

ဒုတိယပိုင်း ပြန်စသည်နှင့် ချာလ်တန်တို့ ချေပဂိုးရရှိရေး တန်ပြန်တိုက်စစ် ကစားသော်လည်း လီဗာပူးနောက်တန်းခံစစ်မှူးများက ဖြတ်တောက်နိုင်ခဲ့သဖြင့် ဂိုးသွင်းခွင့်များ နည်းပါးခဲ့ရသည်။

ပွဲချိန် မိနစ် ၈၀ အကျော်တွင် လီဗာပူးတို့ အချိတ်အဆက်အပို့အယူ မှန်မှန်ဖြင့် ချာလ်တန်နောက်တန်းကိုထိုးဖောက်ခဲ့ရာ ပွဲချိန်၈၂မိနစ်တွင် ဘယ်လာမီက လီဗာပူးအသင်းအတွက် ဒုတိယမြောက်ဂိုး ရရှိခဲ့သည်။

ဆက်လက်၍ လီဗာပူးတို့ တိုက်စစ်အားကောင်းနေချိန် ပွဲပြီးရန် နှစ်မိနစ်အလိုတွင် လီဗာပူး အသင်းခေါင်းဆောင် ဂျရတ်က တတိယမြောက် ဂိုးအဖြစ်သွင်းယူခဲ့၍ ပွဲအပြီး လီဗာပူးက သုံးဂိုး–ဂိုးမရှိဖြင့် ချာလ်တန်ကို အောင်နိုင်ခဲ့သည်။

**ချဉ်းကပ်လာ**

ပရီမီယာလိဂ်ပွဲစဉ်(၁၈)အဖြစ် ယှဉ်ပြိုင်ကစားခဲ့သော လီဗာပူးအသင်းသည် ယခုနှစ်ရာသီတွင် ပရီမီယာလိဂ်၌ ကိုးပွဲနိုင်၊လေးပွဲသရေဖြင့် ၃၁မှတ်ရရှိကာ ထိပ်ဆုံးမှ မန်ယူ၊ ချယ်လ်ဆီးနှင့် အာဆင်နယ်တို့နှင့်အတူ အနီးကပ်ဆုံးနေရာသို့ တဖြည်းဖြည်း ချဉ်းကပ်လာသည်။

**အခြားပွဲရလဒ်များ**

| | | |
|---|---|---|
| အာဆင်နယ် | ၂ – ၂ | ပို့စ်မောက် |
| နယူးကာဆယ် | ၂ – ၁ | ဝက်ဖို့ဒ် |
| ရက်ဒင်း | ၁ – ၂ | ဘလက်ဘန်း |
| ဝီဂန် | ၀ – ၁ | ရှက်ဖီးလ်။ |

**(အင်တာနက်)**

# မြန်မာ့ရုပ်မြင်သံကြား

**၁၃၆၈ခုနှစ် နတ်တော်လပြည့်ကျော် ၁၃ရက် (အဖိတ်နေ့)**

**၁၇–၁၂–၂၀၀၆ရက်**

**(တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅ ၅။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈း၁၀ ၆။ အရေးပြိုင်ပွဲ
၈း၂၀ ၇။ စွန်ချောင်းရေလှောင်တမံ
၈း၃၀ ၈။ International News
၈း၄၅ ၉။ Say It in English
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၅ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၃၅ ၄။ Yan Can Cook
၁၁း၅၀ ၅။ မြန်မာရုပ်ရှင် **"နှစ်မြှာ အသည်း"** ဝင်းညွှန့်၊ မေသစ်၊ စန္ဒာ (ဒါရိုက်တာ–ဦးတင်မောင်)
၁၄း၀၀ ၆။ **"သတိနဲ့ယှဉ် အသိနဲ့ပြင်"** (အပိုင်း–၂) ဝါးခယ်မရဲမောင်၊ ဘုန်းလျှန်၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြေဦး (ဒါရိုက်တာ–မင်းအုပ်စိုး)
၁၄း၁၅ ၇။ International News
၁၄း၂၀ ၈။ အစီအစဉ်ပြီး၏

**ညပိုင်း**

၁၅း၂၀ ၁။ နိုင်ငံတကာ ဖိတ်ခေါ် ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် **[မြန်မာ(ယူ–၂၃)ဘောလုံးအသင်းနှင့်မလေးရှား(ယူ–၂၃) ဘောလုံးအသင်း]**
၁၇း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၇း၂၅ ၃။ ဆိုကြမယ်၊ ပျော်ကြမယ်
၁၇း၅၀ ၄။ နိုင်ငံတကာ ဖိတ်ခေါ် ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် **(မြန်မာလက်ရွေးစင်ဘောလုံးအသင်းနှင့် အင်ဒိုနီးရှားလက်ရွေးစင်ဘောလုံးအသင်း)**
၂၀း၀၀ ၅။ ပြည်တွင်းသတင်း
၆။ နိုင်ငံတကာသတင်းများ
၇။ မိုးလေဝသအခြေအနေ
၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **"လှပသော နေ့ရက်များ"** (အပိုင်း–၈)
၉။ နောက်တစ်နေ့အစီအစဉ်
၁၀။ အစီအစဉ်ပြီး၏။



# ဘဏ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး တက်ညီလက်ညီဆောင်ရွက် ဥပဒေနည်းဥပဒေနှင့် ညွှန်ကြားချက်များ တိကျစွာလိုက်နာ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ (၈၅)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်၁၀နာရီခွဲက နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ်များကြီးကြပ်ရေးကော်မတီနာယက ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

**တက်ညီလက်ညီ**

ရှေးဦးစွာ ဘဏ်များကြီးကြပ်ရေးကော်မတီနာယက ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားရာတွင် ဘဏ်များအားလုံးသည် ယခင် အတွေ့အကြုံများအပေါ် အခြေခံပြီး ဘဏ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း၊ သတ်မှတ်ထားသော ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း ညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန် ဖြစ်ကြောင်း၊ ဘဏ်လုပ်ငန်း စဉ်ဆက်မပြတ် တိုးတက်ထွန်းကားစေရန်အတွက် ဘဏ်များတွင် Research & Development Section များ ထူထောင်ထားပြီး ဘဏ်လုပ်ငန်းဆိုင်ရာ ပြည်တွင်း၊ ပြည်ပ သတင်းအချက်အလက်များနှင့် ပညာရပ်ဆိုင်ရာများကို ဆည်းပူးလေ့လာကြရန် လိုအပ်ကြောင်း၊ ငွေကြေးခဝါချမှု ကာကွယ်တားဆီးရေးဆိုင်ရာ အမိန့်နှင့်ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများကို တိကျစွာလိုက်နာဆောင်ရွက်ကြရန် မှာကြားလိုကြောင်း ပြောကြားသွားသည်။

ထို့နောက် ဘဏ်များကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်တို့က ဆွေးနွေးပြောကြားကြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် မြန်မာနိုင်ငံဘဏ်များအသင်းမှ တာဝန်ရှိ ပုဂ္ဂိုလ်များက တင်ပြရန်ရှိသည်များကို ရှင်းလင်းတင်ပြကြပြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များ အသင်းအမှုဆောင်အဖွဲ့၏ (၈၅)ကြိမ်မြောက် အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ဖဲကြိုးဖြတ်ဖွင့်**

**ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနကကြီးမှူး၍ ဒီဇင်ဘာ၁၆ရက် နံနက်၉နာရီက ငါးထပ်ကြီးမြောက်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် နယ်လှည့် စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲဖွင့်ပွဲ အခမ်းအနားကျင်းပရာ မြို့နယ် ဦးစီးမှူး ဒေါ်အေးအေးဆင့်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအေးလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။**
(မြို့နယ်ပြန်/ဆက်)



# မှန်ကန်သည့်မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်များ ပြည်သူများအတွင်း စိမ့်ဝင်ပျံ့နှံ့သွားအောင် ရည်မှန်းချက်ထား





● **ရှေ့ဖုံးမှ**

တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ ခရိုင်ဆေးရုံကြီးသို့ သွားရောက်ကြည့်ရှု စစ်ဆေးကြသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ရှင်းလင်းဆောင်၌ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြင်ဦးလွင်မြို့ ခုတင်(၁၀၀)ဆံ့ ခရိုင်ဆေးရုံကြီးသို့ ရောက်ရှိစဉ် တောင်စခန်း၊ အနားယူအပန်းဖြေစခန်းမြို့၌ Medical Resort မျိုးဖြစ်အောင် ဆေးရုံကြီးကို အဆင့်တိုးမြှင့်ပြုပြင်ရန် လမ်းညွှန်ခဲ့မှု၊ လမ်းညွှန်မှုများနှင့်အညီ ဆေးရုံကြီး၌ အဆောင်သစ်များ ဆောက်လုပ်နေမှု၊ ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီးအဖြစ် ဖွင့်လှစ်ခဲ့မှုနှင့် ဆေးရုံကြီး၏ အဆောက်အအုံများကို ဆက်လက်တိုးချဲ့ရန် စီစဉ်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆေးရုံဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌက ဓာတ်ခွဲခန်း၊ ဓာတ်မှန်ဆောင်နှင့် ခွဲစိတ်ခန်း ဆက်လက်တိုးချဲ့တည်ဆောက်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ခုတင်(၂၀၀)ဆံ့ ခရိုင်ပြည်သူ့ဆေးရုံကြီးအဝင်လမ်းများအခြေအနေ၊ လူနာဆောင်များ တိုးချဲ့သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

**ပြုစုပျိုးထောင်**

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အဆင့်အတန်းမြင့်မားသည့် ဆေးရုံကြီး၊ သန့်ရှင်းသပ်ရပ်သော ဆေးရုံကြီးဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်ကြရန်နှင့် လူနာများအနေဖြင့် ဆေးကုသမှုခံယူရန် သက်သောင့်သက်သာ အနားယူနိုင်သည့် ဆေးရုံကြီးမျိုးဖြစ်အောင် ပြုစုပျိုးထောင်ရန်၊ လက်ရှိခုတင်(၂၀၀)ဆံ့ ဆေးရုံကြီးအဆင့်မှ ခုတင်(၃၀၀)ဆံ့ဆေးရုံကြီးအဖြစ် ဆက်လက်တည်ဆောက်သွားရန် မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဆေးရုံကြီး၏ လက်ရှိမြေအနေအထားနှင့် ပတ်ဝန်းကျင်အခြေအနေ၊ တိုးချဲ့တည်ဆောက်သွားမည့် အဆောက်အအုံများ အနေအထားတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

**ပြုစုကုသပေး**

ပြင်ဦးလွင်မြို့ ခရိုင်ဆေးရုံကြီး လက်ရှိအခြေအနေ၌ ခွဲစိတ်အထူးကု၊ နှလုံးရောဂါအထူးကု၊ ဦးနှောက်နှင့် အာရုံကြောအထူးကု၊ မျက်စိ၊ နား၊ နှာခေါင်းနှင့် လည်ချောင်းအထူးကု၊ ဆီးနှင့် ကျောက်ကပ်အထူးကု၊ ကလေးအထူးကု၊ မီးယပ်နှင့်သားဖွားအထူးကု ဆရာဝန်ကြီးများက လူနာများအား ပြုစုကုသပေးလျက်ရှိသည်။

ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုတိုးမြှင့်ပေးနိုင်ရေးအတွက် ခုတင် (၃၀၀)ဆံ့ ဆေးရုံကြီးအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်နိုင်ရေးအတွက်လည်း တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။

**ကြည့်ရှုစစ်ဆေး**

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဒီဇင်ဘာ၁၄ရက် နံနက် ၁၀နာရီတွင် ပြင်ဦးလွင်မြို့နယ်၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရတနာပုံမြို့သစ်တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ ရတနာပုံမြို့သစ်တည်ဆောက်ရေး စီမံကိန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ရှင်းလင်းတင်ပြရာ၌ ရတနာပုံမြို့သစ်

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ရတနာပုံမြို့သစ်တည်ဆောက်ရေး စီမံကိန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော် ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

ကို မန္တလေး-ပြင်ဦးလွင်ကားလမ်း မိုင်တိုင်အမှတ်(၂၇/၀) အနီး၌ တည်ဆောက်လျက်ရှိပါကြောင်း၊ စီမံကိန်းဧရိယာမှာ စုစုပေါင်း ဧကတစ်သောင်း ကျယ်ဝန်းပါကြောင်း၊ ရတနာပုံမြို့သစ်ကို IT အခြေခံ မြို့တစ်မြို့အဖြစ် စနစ်တကျ တည်ဆောက်သွားမည် ဖြစ်ပါကြောင်း။

**အမာခံမြေသားလမ်း**

စီမံကိန်း ပထမအဆင့်အနေဖြင့် Software အတွက် ဧက ၂၂၀၀၊ Hardware အတွက် ဧက၂၂၀၀ကို အသုံးပြုသွားမည်ဖြစ်ပြီး Teleport



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရတနာပုံမြို့သစ်တည်ဆောက်ရေး စီမံကိန်းမြေပုံများ၊ အဆောက်အအုံ ပုံစံကားချပ်များကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

ပင်မအဆောက်အအုံနှင့် Incubation အဆောက်အအုံတို့ကို တည်ဆောက်သွားမည်ဖြစ်ပါကြောင်း၊ စီမံကိန်းဧရိယာအတွင်း အမာခံမြေသားလမ်းကို ဖောက်လုပ်လျက်ရှိရာ ၄၅ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြီး ရတနာပုံမြို့သစ်တည်ဆောက်မည့် စီမံကိန်းဧရိယာပြမြေပုံ၊ Teleport ပင်မအဆောက်အအုံပုံစံ၊ Incubation အဆောက်အအုံ ပုံစံကားချပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းက ရတနာပုံမြို့သစ်ဧရိယာ၌ မြေတိုင်းအမှတ်အသားများ စိုက်ထူပြီး မြေဧရိယာသတ်မှတ်မှုလုပ်ငန်း ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

**ရေရရှိရေးရှင်းလင်း**

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ရတနာပုံမြို့သစ် ရေရရှိရေးအတွက် စီစဉ်ဆောင်ရွက်ထားသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦးက ပြင်ဦးလွင် ပင်မဓာတ်အားခွဲရုံ၊ ရွှေစာရံပင်မဓာတ်အားခွဲရုံ

**စွမ်းရည်ထက်မြက်မှ တိုင်းပြည်ကိုတည်ဆောက်နိုင်မည်**

**စိတ်ဓာတ်နှင့် စည်းကမ်းအပြင် စွမ်းရည်ထက်မြက်အောင်လည်း လေ့ကျင့်ပေးနိုင်ရမှာဖြစ်၊ ရဲကလည်း ရဲလုပ်ငန်းကိုလည်းကောင်း၊ မီးသတ်ကလည်း မီးသတ်လုပ်ငန်းကိုလည်းကောင်း ကျွမ်းကျင်တတ်မြောက်နေရမှာဖြစ်၊ လုပ်ငန်းဆိုင်ရာ စွမ်းရည်ထက်မြက်မှလည်း တိုင်းပြည်ကို တည်ဆောက်နိုင်မှာဖြစ်။**



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ဗဟိုမီးသတ် သင်တန်းကျောင်းနှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တို့မှ တာဝန်ရှိပုဂ္ဂိုလ်များအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တို့မှတစ်ဆင့် ရတနာပုံမြို့သစ်သို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

## ထပ်မံရှာဖွေဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လိုအပ်သည်များကို လမ်းညွှန်ပြီး ရတနာပုံမြို့သစ် ရေရရှိရေးအတွက် နည်းလမ်းများ ထပ်မံရှာဖွေဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မြေပုံများ၊ အဆောက်အအုံပုံစံကားချပ်များကို ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းဧရိယာကို စီမံကိန်းရှင်းလင်းဆောင်မှတစ်ဆင့် ကြည့်ရှုသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်တွင်းပြည်ပ အိုင်တီပညာရှင်များ၊ အိုင်တီလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

## လှည့်လည်ကြည့်ရှု

ဆက်လက်၍ ရတနာပုံမြို့သစ် စီမံကိန်းဧရိယာကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ သင်တန်းကျောင်းများသို့ သွားရောက်ပြီး ဗဟိုမီးသတ်သင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ဗဟိုမီးသတ်သင်တန်းကျောင်းနှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) တို့မှ တာဝန်ရှိပုဂ္ဂိုလ်များအား တွေ့ဆုံသည်။

## ဆောင်ရွက်ပြီးစီးမှုတင်ပြ

တွေ့ဆုံပွဲတွင် ရှေးဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက ပြင်ဦးလွင်မြို့နယ်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာနကို ၁၉၉၉ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့မှု၊ ဗဟိုလေ့ကျင့်ရေးဌာန၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသော သင်တန်းများ၊ ဖွင့်လှစ်ပြီး သင်တန်းအရေအတွက်နှင့် တက်ရောက်ခဲ့သည့် သင်တန်းသားအင်အား၊ နည်းပြအင်အား၊ ဗဟိုလေ့ကျင့်ရေးဌာနသို့ ဗိုလ်ချုပ်မှူးကြီး ရောက်ရှိစဉ် လမ်းညွှန်ခဲ့မှုများအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက ဗဟိုမီးသတ်သင်တန်းကျောင်း၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် သင်တန်းများ၊ လက်ရှိသင်ကြားပေးလျက်ရှိသည့် သင်တန်းများ၊ ဗဟိုမီးသတ်သင်တန်းကျောင်းနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီး၏ လမ်းညွှန်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

## ဗဟိုမီးသတ်သင်တန်းကျောင်း

ထို့နောက် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းက ဗဟိုမီးသတ်သင်တန်းကျောင်း အဆောက်အအုံဆိုင်ရာကိစ္စများ၊ နှစ်ရှည်သီးနှံ၊ ရာသီသီးနှံ၊ ရတနာတန်းဝင်ပင်၊ အရိပ်ရပင်၊ ခြံစည်းရိုးကြက်ဆူပင်တို့ စိုက်ပျိုးထားမှုများ၊ ဝက်၊ နွား၊ ဆိတ်မွေးမြူမှုများ၊ ရေအားလျှပ်စစ် ထုတ်ယူရရှိမှုများ၊ သက်သာချောင်ချိရေး ဆောင်ရွက်ပေးမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်က ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ သင်ကြားရေး အဆောက်အအုံများ၊ သင်တန်းသား သင်တန်းသူအိပ်ဆောင်များ၊ ဝန်ထမ်းနေအိမ်များ၊ ခန်းမများ ဆောက်လုပ်ပြီးစီးမှု၊ ရည်မှန်းချက်များ၊ လုပ်ငန်းတာဝန်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ဖွဲ့စည်းပုံ၊ ဖွင့်လှစ်ပြီးနှင့် ဖွင့်လှစ်ဆဲ သင်တန်းများ၊ စိုက်ပျိုးရေး မွေးမြူရေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

## ဆက်လက်အကောင်အထည်ဖော်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် သင်တန်းကျောင်းသုံးခုလုံးနှင့်စပ်လျဉ်း၍ မိမိအနေဖြင့် လိုအပ်သည့်လမ်းညွှန်ချက်များကို ယခင်ခရီးစဉ်များ၌ ပြောကြားခဲ့ပြီးဖြစ်ရာ ယင်းလမ်းညွှန်ချက်များကို ပိုမိုထိရောက်ပြည့်စုံအောင် ဆက်လက်အကောင်အထည်ဖော်သွားကြရန် ဖြစ်ကြောင်း။

သင်တန်းကျောင်းများ ဖွင့်လှစ်ထားရှိခြင်း၏ ရည်ရွယ်ချက်မှာ အေးချမ်းသာယာသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာ၌ လိုအပ်သော လူ့အရင်းအမြစ်များကို လေ့ကျင့်ပျိုးထောင်မွေးထုတ်ပေးရန် ဖြစ်ကြောင်း။

# မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ထားရှိရာ၌ စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်ရှိရန်လိုအပ်

## အလေးထားလေ့ကျင့်

ယင်းသို့ လေ့ကျင့်ပျိုးထောင်မှုပြုလုပ်ရာ၌ သင်တန်းသားများအား စိတ်ဓာတ်၊ စည်းကမ်းနှင့် စွမ်းရည်ထက်မြက်ကောင်းမွန်နေအောင် အလေးထား လေ့ကျင့်ပေးနိုင်ရန် အရေးကြီးဆုံးဖြစ်ကြောင်း။

## လေးစားလိုက်နာ

ယနေ့ တိုးတက်နေသောနိုင်ငံများကိုကြည့်ပါက စည်းကမ်းကောင်းသော နိုင်ငံများဖြစ်ကြသည်ကို တွေ့မြင်နေရရာ မိမိတို့နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာ၌ စည်းကမ်းကို လေးစားလိုက်နာတတ်အောင် ပျိုးထောင်လေ့ကျင့်သွားကြရမှာ ဖြစ်ကြောင်း။



## ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ပြည်တွင်း၊ ပြည်ပ အိုင်တီပညာရှင်များ၊ အိုင်တီလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

**စိတ်ဓာတ်ဆိုရာ၌ မိမိလူမျိုး၊ မိမိတိုင်းပြည်ကိုချစ်မြတ်နိုးသည့် စိတ်ဓာတ်၊ ပြည်ထောင်စုကြီးကို တွယ်တာမြတ်နိုးသည့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို ဆိုလိုခြင်းဖြစ်ကြောင်း။**

**နိုင်ငံသားတိုင်းသည် မိမိနိုင်ငံနှင့် မိမိလူမျိုးကို ချစ်ရမှာဖြစ်သကဲ့သို့ မိမိပြည်ထောင်စုကို ကာကွယ်ရမှာဖြစ်ကြောင်း။**

## အနှစ်သာရ

**ထို့ပြင် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ထားရှိရာ၌ စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်ရှိရန်လည်း လိုကြောင်း၊ မိမိအသက်၊ မိမိစည်းစိမ်၊ မိမိဘဝကို နိုင်ငံတော်အတွက် ပေးဆပ်ရဲသော စွန့်လွှတ် စွန့်စားစိတ်ဓာတ် မပါရှိသည့် မျိုးချစ်စိတ်ဓာတ်သည် အနှစ်မပါသည့် အပေါ်ယံ မျိုးချစ်စိတ်ဓာတ်မျိုးဖြစ်ကြောင်း၊ စွန့်လွှတ် စွန့်စားသည့်စိတ်နှင့် ပေါင်းစပ်မှသာ အနှစ်သာရရှိသည့် မျိုးချစ်စိတ်ဓာတ်အဖြစ် တည်ဆောက်နိုင်မှာဖြစ်ကြောင်း။**

**ထို့ကြောင့် မိမိကျောင်းသို့ရောက်ရှိလာသည့် သင်တန်းသားများအား မှန်ကန်မြင့်မြတ်သော စိတ်ဓာတ်ကောင်းများရရှိသွားအောင်၊ နားလည်သဘောပေါက် ခံယူသွားအောင် လေ့ကျင့်ပေးရန်ဖြစ်ကြောင်း။**

## စိမ့်ဝင်ပျံ့နှံ့

**ယင်းသင်တန်းသား အမာခံများမှတစ်ဆင့် မှန်ကန်သည့် မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို ပြည်သူများအတွင်း စိမ့်ဝင်ပျံ့နှံ့သွားစေရမည် ဆိုသည့် ရည်မှန်းချက် ထားရှိရမှာဖြစ်ကြောင်း။**

**ထို့အတူ သင်တန်းကျောင်းများသည် စည်းကမ်းကောင်းအောင် လေ့ကျင့်ပေးသွားရန်ဖြစ်ကြောင်း၊ စည်းကမ်းရှိမှသာ တိုင်းပြည်တိုးတက်မှာ ဖြစ်ကြောင်း။**

**စိတ်ဓာတ်နှင့် စည်းကမ်းအပြင် စွမ်းရည်ထက်မြက်အောင်လည်း လေ့ကျင့်ပေးနိုင်ရမှာဖြစ်ကြောင်း၊ ရဲကလည်း ရဲလုပ်ငန်းကိုလည်းကောင်း၊ မီးသတ်ကလည်း မီးသတ်လုပ်ငန်းကိုလည်းကောင်း ကျွမ်းကျင်တတ်မြောက်နေရမှာဖြစ်ကြောင်း၊ လုပ်ငန်းဆိုင်ရာ စွမ်းရည်ထက်မြက်မှုလည်း တိုင်းပြည်ကို တည်ဆောက်နိုင်မှာဖြစ်ကြောင်း။**

## အခြေခံ(၃)ချက်

ယင်းအခြေခံ (၃)ချက်ပြည့်စုံအောင် တည်ဆောက်နိုင်မှသာ အပြိုင်အဆိုင် တိုးတက်လျက်ရှိသော ကမ္ဘာကြီးနှင့်အတူ မိမိတို့နိုင်ငံသည် ရင်ပေါင်တန်း လိုက်နိုင်မှာဖြစ်ကြောင်း။

ယနေ့ နိုင်ငံတကာအခြေအနေအရ မိမိတို့နိုင်ငံကဲ့သို့ နိုင်ငံငယ်များကို နိုင်ငံကြီးအချို့က ၎င်းတို့အလိုကျ လွှမ်းမိုးခြယ်လှယ်နိုင်အောင် ကြိုးစားလျက်ရှိရာ မိမိတို့၌ စိတ်ဓာတ်၊ စည်းကမ်း၊ စွမ်းရည်ဆိုသည့် အခြေခံ(၃)ချက်ပြည့်စုံနေရန် လိုအပ်ကြောင်း၊ သို့မှသာ ကိုယ်ခံအားကောင်းပြီး သွေးခွဲသပ်လျှိုမှု၊ မမှန်မကန် လုပ်ကြံစွပ်စွဲမှုများကို ခံနိုင်ရည်ရှိမှာဖြစ်ကြောင်း။

ထို့ကြောင့် သင်တန်းကျောင်းများသည် များစွာအရေးကြီးကြောင်း၊ တိုင်းပြည်အတွက် အနှစ်သာရကျသည့် အခြေခံလိုအပ်ချက် (၃)ချက်ကို ပျိုးထောင်လေ့ကျင့်ပေးနေသည့် ဌာနကြီးများဖြစ်သည်ဟု မှန်မှန်ကန်ကန် နားလည် ခံယူထားရန် လိုအပ်ကြောင်း။

ဤကဲ့သို့ သင်တန်းကျောင်းများ၏ အရေးပါသောအခန်းကဏ္ဍကြောင့်လည်း နိုင်ငံတော်က လိုအပ်သော သင်တန်းအဆောက်အအုံများကို ထည်ထည်ဝါဝါ ခံ့ခံ့ညားညား တည်ဆောက်ပေးထားခြင်းဖြစ်ကြောင်း။

အသွင်သဏ္ဌာန်အရ ခံ့ညားထည်ဝါသကဲ့သို့ အနှစ်သာရအားဖြင့်လည်း စိတ်ဓာတ်၊ စည်းကမ်းနှင့် စွမ်းရည်ကို တည်ဆောက်ပေးနိုင်ရမှာ ဖြစ်ကြောင်း။

## ကြိုးစားလုပ်ကိုင်

ထို့ကြောင့် သင်တန်းကျောင်းများအား ရည်မှန်းချက်နှင့်အညီ တည်ဆောက် ထုထောင်နိုင်အောင် ယုံကြည်ချက်ရှိရှိ ကြိုးကြိုးစားစား လုပ်ကိုင်ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဗဟိုမီးသတ်သင်တန်းကျောင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာနတို့၏ အဆောက်အအုံများ၊ စိုက်ပျိုးပြီးအပင်များ၊ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

# နွယ်မြက်သစ်ပင် ကျေးဇူးရှင်

**ပေါ်ညီမ်း**
**( တိုင်းရင်းဆေးပညာဦးစီးဌာန )**

သစ်ပင်သည် အေးမြသော အရိပ်ကိုဖြစ်စေသည်။ ဥတုဘေးဒဏ်တို့မှ ကာကွယ်ပေးသည်။ ထိုကဲ့သို့ အရိပ်ကိုဖြစ်စေခြင်း၊ ဥတုဘေးဒဏ်မှ ကာကွယ်ပေးခြင်းတို့သာမက လူသားတို့ ကျန်းမာရေးအတွက် လည်းကောင်း၊ ရောဂါများ ကာကွယ်ကုသရန်အတွက်လည်းကောင်း အကျိုးပြုသည်။ မြတ်စွာဘုရား အမှီပြု၍ ပွင့်တော်မူခဲ့သည့် ဗောဓိညောင်ပင်သည် ဆေးဖက်ဝင်သော အပင်ဖြစ်ပါသည်။ တိုင်းရင်းဆေးအလိုအရ ဗောဓိညောင်ပင်သည် အသုံးနည်းသော်လည်း အရသာအားဖြင့် အေး၊ ဖန်၊ ခါးဖြစ်ပြီး ဂုဏ်နှင့်စွမ်းရည်အရ အပူနာ၊ အနာပေါက်ရောဂါ၊ သွားနှင့်သွားဖုံးရောဂါ၊ ယားယံနာ၊ ရေယုန် အရေပြားရောဂါ၊ မီးလောင်နာ၊ သွေးအန်သွေးကျ ရောဂါများတွင် အသုံးဝင်ကြောင်း ဆေးအဘိဓာန်ကျမ်းတွင် ဖော်ပြထားသည်ကို တွေ့ရပေသည်။

သစ်ပင်များကို လေ့လာကြည့်မည်ဆိုလျှင် အရှင်နာဂသိန်၏ ပုံပြဆေးအဘိဓာန်အရ ခြေထောက်ဖြင့် ရေသောက်တတ်သော သစ်ပင် (အမြစ်ကိုဆိုလိုသည်)၊ အကိုင်းဆုံရာ ခွဆုံရှိသော သစ်ပင်၊ စောင့်ရှောက်တတ်သော အစဉ်အဆက် ဖြစ်စေတတ်သော သစ်ပင်၊ သွားလာခြင်းမရှိသော သစ်ပင်၊ အတွင်းအပြင် အနှစ်ဝင်တတ်သော သစ်ပင်၊ မြေပေါ်၌ ပေါက်ရောက်ကြီးပွားတတ်သော သစ်ပင်၊ ပြောင်းလဲဖြစ် ပေါ်တတ်သော သစ်ပင်၊ စောင့်ရှောက်တတ်သောသစ်ပင်၊ မြေမှ ထွက်ပေါ်လာတတ်သော သစ်ပင်၊ အကိုင်းအခက်ရှိသော သစ်ပင်(ပါဠိအားဖြင့် ပါဒပ၊ ဝိဋပီ၊ ရုက္ခ၊ အဂ၊ သာလ၊ မဟီရုဟ၊ ဒုမ၊ ထရု၊ ကုဇ၊ သာခီ) ဟူ၍ သစ်ပင်သဘော သတ္တိ ၁၀မျိုးရှိသည်ဟု သိရသည်။ ထိုသို့သော သစ်ပင်တိုင်းသည် လူသားတို့အတွက် အကျိုးပြုတတ်ကြောင်းကို သမားတော်ဆရာကြီးဇီဝကဝတ္ထုအရ သိရှိရပေသည်။ တက္ကသိုလ်ဆရာကြီးက သူ၏တပည့် ဇီဝကကို "အချင်းဇီဝက တူရွင်းကိုယူ၍ တက္ကသိုလ်ပြည်၏ ထက်ဝန်းကျင်မှ တစ်ယူဇနာသော အရပ်ကိုလှည့်လည်၍ တစ်စုံတစ်ခုသော အကြင်ဆေးဖက်မဝင်သော သစ်ပင်ကို ဆောင်ခဲ့ဟု" စေခိုင်းရာ ဆေးဖက်မဝင်သော အပင်ကိုမမြင်ဟု ဇီဝက က ဆို၏။ ထိုအခါ တက္ကသိုလ်ဆရာကြီးက "အချင်းဇီဝက ဆေးအတတ်ကို ကောင်းကောင်းတတ်ပြီ"ဟု အသိအမှတ် ပြုလိုက်လေသည်။ ဤအခြင်းအရာကိုကြည့်၍ လောကတွင် ဆေးဖက်မဝင်သော သစ်ပင်ဟူ၍ မရှိပါ။ ဆေးဖက်ဝင်မှုကို မသိသေးသော သစ်ပင်သာ ရှိသည်ဟု ဆိုရပေသည်။ ထိုနည်းတူ သစ်ပင်သည် ဆေးဆရာတို့၏ မှတ်ကျောက်ဖြစ်သည်။ ဆေးပညာကို ကောင်းမွန်စွာတတ်မြောက်ခြင်း ရှိ၊မရှိကို သစ်ပင်မည်မျှသုံးစွဲတတ်သည်ကို ကြည့်၍ သိနိုင်ပေသည်။

ထို့အတူ အရှင်နာဂသိန်၏ ပုံပြဆေးအဘိဓာန်ကျမ်းတွင် "လောက၌ ပေါက်ရောက်သမျှသော မြက်မျိုး၊ ပင်ငယ်မျိုး၊ ပင်လတ်မျိုး၊ ပင်ကြီးမျိုး၊ အနှစ်ရှိမျိုး၊ အနှစ်မဲ့မျိုး စသည်အလုံးစုံသော သစ်ပင်မှန်သမျှတို့သည် ဆေးဖက်မဝင်သည် မရှိကုန်၊ မသိသောသူတို့သည် ကျော်သွားကြ၍ သိသောသူတို့သည် ဆေးဝါးဖော်စပ် စားကြကုန်၏။ အားလုံးသော သစ်ပင်မှန်သမျှတို့သည် လူသားတို့အတွက် အသုံးပြုတတ်လျှင် အသက်ကယ်တင်ရှင် အပင်များသာဖြစ်ကုန်၏ ။ ထို့ကြောင့် ဗိန္ဒောဆရာတစ်ဆူဖြစ်မြောက်အောင် ကြိုးစားလိုသူသည် သစ်ပင်အကြောင်းတို့ကို သိရန် ဦးစားပေး၍ သင်ကြားရာ၏" ဟုဖော်ပြထားသည်ကို တွေ့ရပေသည်။ စကားတစ်ခွန်း ကြားဖူးပါသည်"ကိုယ်ထဲ ကသွေး သေဘေးပွားနိုင်သည်၊ တောထဲကဆေး သေဘေး တားနိုင်သည်"ဟု ဆိုပါသည်။ သစ်ပင်များ ဆေးဖက်ဝင်အဖြစ်သုံးရာတွင်လည်း မိမိစိတ်ကူးဖြင့် သုံးစွဲလိုရာကို သုံးစွဲ၍ မရပေ။ ဆေးသိမှုကို တတ်ကျွမ်းနားလည်မှသာ သုံးစွဲနိုင်သည်။ ဆေးသိမှု အနေဖြင့် ဆေးပင်၏လက္ခဏာ သိမှု၊ စွမ်းရည်သိမှုကို သေချာစွာ နားလည်မှသာ သိနိုင်မည်ဖြစ်သည်။ တိုင်းရင်းဆေးပညာအလိုအားဖြင့် ဆေးပင်များကို ၎င်းတို့ကို "ပဋ္ဌဘူတမယံ ဒဗ္ဗ–ဗယဆေးပစ္စည်းများသည် ဘုတ်ငါးပါးနှင့် တည်ဆောက်ထားသဖြင့် ဘုတ်ငါးပါးဖြင့်ပြီး၏"ဟု ဆိုသည်။ ဘုတ်ငါးပါးဖြစ်သည့် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ အာကာသ စသည့် ဘုတ်ငါးပါးအနက် မည်သည့်အပင်သည်၊ မည်သည့်ဘုတ်ကို ဆောင်သည်ကို သိမှသာ ဆေးအဖြစ် သုံး၍ရနိုင်ပါသည်။ ထိုထက်ပို၍ အသေးစိတ်ရပါလျှင် ၎င်းအပင်တို့၏ အရသာကို စစ်ဆေးရသည်။ အပင်သည် ချို၊ ချဉ်၊ ငန်၊ စပ်၊ ဖန်၊ ခါးဟူသော ရသာခြောက်မျိုး အနက်၊ တစ်မျိုး၊ နှစ်မျိုး၊ သုံးမျိုးစသည်ဖြင့် ပါဝင်နေသည်။ ထိုအရသာကို လေ့လာပြီး မည်သည့် အာနိသင်ကို လိုအပ်သည်ဟု ထောက်ရှု၍ သုံးပါသည်။ ပို၍ နက်နဲစွာဆိုရပါလျှင် လူ၏ဝမ်းတွင်းသို့ ရောက်ပြီးမှဖြစ်မည့် ဝိပါက ဟုခေါ်သည့် ကြေကျက်ပြီးသော အခါမှဖြစ်သော အကျိုးကို သိရှိပါက အကျိုးအရှိဆုံးဖြစ်ပေသည်။ သစ်ပင်ကို ဆေးအဖြစ် သုံးသည်ဟု ဆိုရာတွင် အမြစ်၊ အခေါက်၊ အပွေး၊ အသား၊ အနှစ်၊ အပွင့်၊ အသီး၊ အရွက်၊ ဥ စသည် အားလုံးကို သုံးနိုင်ပါသည်။ သူ့နေရာနှင့်သူ အသုံးဝင်ကြသည်။

သစ်ပင်တို့သည် ဆေးအဖြစ်သာ အသုံးဝင်သည်မဟုတ် လူတို့အာဟာရအဖြစ် စားသုံးနေကြသော အစာများသည် တိရစ္ဆာန်တို့၏ အသားမှလွဲ၍ သစ်ပင်မှရသော အစာများပင်ဖြစ်သည်။ ဥပမာအားဖြင့် ဆန်၊ ဂျုံ၊ ပဲ၊ ဟင်းသီးဟင်းရွက်၊ အသီး၊ အနှံတို့သည် သစ်ပင်မှရသော အစာများဖြစ်သည်။ လူတို့သာမဟုတ် တိရစ္ဆာန်များသည်လည်း သစ်ပင်ကို အစာအတွက်၊ ဆေးအတွက် အားကိုးကြသည်ကို တွေ့နိုင်ပေသည်။ ကမ္ဘာဦးစကတည်းက လူ၊ တိရစ္ဆာန်တို့သည် သစ်ပင်ကို အစာအတွက်၊ ဆေးအတွက် သုံးစွဲခဲ့ကြလေသည်။ ဆေးအတွက်သုံးရင်း၊ မှတ်တမ်းတင်ရင်းဖြင့် သစ်ပင်တို့၏ ဆေးဖက်ဝင် အသုံးဝင်မှုကို သိရှိလာရခြင်းဖြစ်သည်။ နှစ်ပရိစ္ဆေဒ ကြာမြင့်စွာပင် မှတ်တမ်းတင်ခဲ့သောကြောင့် ယနေ့တွင် ဆေးပင်တို့၏ ဆေးအသုံးဝင်မှုကို သိရှိသုံးစွဲနေနိုင်ကြခြင်း ဖြစ်ပေသည်။ လူကြီးသူမများ လက်ထက်တွင် အိမ်တွင်ချက်ပြုတ်သော အိမ်ရှင်မက သူချက်သည့် ဟင်းလျာသည် အိမ်သူအိမ်သားများအတွက် အစာလည်းဖြစ်၊ ဆေးလည်းဖြစ်အနေဖြင့် ချက်ကြသည်။ ဥပမာ–နွေအခါတွင် အချိုကဲသော ဟင်းလျာ၊ မိုးရာသီတွင် အခါးကဲသော ဟင်းလျာ၊ ဆောင်းရာသီတွင် အချဉ်ကဲသော ဟင်းလျာတို့ကို ရွေးချယ် ချက်ပြုတ်တတ်ကြပါသည်။ မိမိတို့ တစ်အိမ်စာအတွက်လည်း အပင်များကို စိုက်ပျိုးထားတတ်ကြသည်၊ လူကြီးသူမများ ထမင်းစားပြီးလျှင် ထန်းလျက်ခဲကလေး အချိုစားကြသည်။ ထန်းပင်မှရသော ထန်းလျက်သည် အစာကို ကြေကျက်စေသောကြောင့် စားသမျှ အာဟာရ ဖြစ်စေသည်။

ယခုကမ္ဘာတွင် သုံးစွဲနေကြသော ဆေးဝါးတို့သည်လည်း သစ်ပင်မှ အစပြု၍ သိရှိလာသည်ဟု ဆိုရပေမည်။ အနီးစပ်ဆုံး ဆိုရလျှင် နှလုံးရောဂါအတွက်သုံးသော ဒိုင်ဂေါ်ဆင် (Digoxin)ဟုခေါ်သည့် ဆေးသည် ရှေးအခါက အလုပ်ကြမ်းများလုပ်ရာတွင် အမောအပန်းခံနိုင်ရန် ပါးစပ်တွင် ငုံ၍ ကွမ်းမြုံ့သကဲ့သို့ ငုံထားသော Fox glove ခေါ် အပင်တစ်မျိုးမှ သိရှိလာရသည်။ သိပ္ပံပညာထွန်းကားလာမှ သစ်ပင်တွင် ပါဝင်သော ဓာတုပစ္စည်းများကို ဓာတ်ခွဲခန်းတွင် စမ်းသပ်ဖော်ထုတ်ပြီး ဓာတ်ခွဲခန်း စမ်းသပ်မှု၊ တိရစ္ဆာန်များတွင် စမ်းသပ်မှု၊ လူများအပေါ်တွင် စမ်းသပ်မှုများ ပြုလုပ်၍ မှတ်တမ်းတင်ကြရခြင်း ဖြစ်သည်။ ဆေးစွမ်းထက်သော သစ်ပင်များကို တိုင်းရင်းဆေးအဖြစ် မှတ်တမ်းတင်ခဲ့ကြသည်မှာ သိပ္ပံပညာ မထွန်းကားခင်ကတည်းကဖြစ်သည်။ လူမျိုးတိုင်းတွင် မိမိတို့ သက်ဆိုင်ရာ ဆေးဖက်ဝင် တိုင်းရင်းဆေးပင်များ ရှိပါသည်။ ရှေးအခါက တိုင်းရင်းဆေးဆရာများသည် သဘာဝပေါက်သောတောမှ ဆေးဖက်ဝင်အပင်များကို ရရှိသည်။ နောင်တွင် ဥယျာဉ်များဖြင့် တစ်ပိုင်၊ တစ်နိုင် စိုက်ပျိုးခဲ့ကြရာမှ စီးပွားဖြစ်လည်း စိုက်ပျိုးလာကြလေသည်။ ယနေ့အခါတွင် အချို့သော နိုင်ငံများ၌ သစ်ပင်အမျိုးအစားပေါင်း မြောက်မြားစွာဖြင့် ကြီးကျယ်ခမ်းနားသော ဥယျာဉ်ကြီးများ ပြုစုပျိုးထောင်ကြသည်ကို တွေ့ကြရသည်။ မြန်မာနိုင်ငံတွင်လည်း ပြင်ဦးလွင်တွင် နိုင်ငံတကာအဆင့်မီ ဥယျာဉ်ကြီး တစ်ခုရှိသည်။ အလှပန်းပင်များဖြင့် စုံလင်လှပစွာရှိသည်ဟု ဆိုသည်ထက် ဆေးပင်များဖြင့် ပြည့်နေသည်ဆိုက မမှားပါ။ ဆိုရပါလျှင် စံပယ်ပန်းသည် မွှေး၏။ လှပ၏။ ထို့ပြင် ဆေးအသုံးဝင်၏။ စံပယ်ပန်းခြောက်သည် ရေငတ်ခြင်း၊ အိပ်မပျော်ခြင်း၊ စကားပြောမမှန်ခြင်း၊ ထိတ်လန့်ခြင်း၊ ကိုယ်ပူခြင်းတို့ကို ပျောက်ကင်းစေနိုင်သည်ဟု တိုင်းရင်းဆေးအလိုအရ သိရသည်။

ဘုရင့်သမားတော်ကြီးများ အပါအဝင် မြန်မာ့သမားတော်ကြီးများသည် မိမိတို့လူနာအတွက် အသုံးပြုကြသော ဆေးပင်များကို တောတွင်းမှ ရရှိကြသည်။ အချို့ကမူ မိမိတို့၏ ဥယျာဉ်တွင် စိုက်ပျိုးသုံးစွဲကြသည်။ နောင်ကြာသောအခါတွင် တောများ ပြုန်းတီးခြင်း၊ ရှားပါးပင်များ မျိုးတုံးခြင်းတို့ကြောင့် အလွန်အသုံးဝင်သော ဆေးဖက်ဝင်အပင်များ ရှားပါးလာခဲ့သည်။ အချို့အပင်များသည် တောတွင်း အလွန့်အလွန် ရှားပါးစွာ ရှိနေသေးသော်လည်း ဆေးဆရာတို့၏ ဆေးပင်သိမှု အားနည်းသောကြောင့် ဖော်ထုတ်ခြင်းငှာ မစွမ်းနိုင်ဖြစ်နေသည်။ ရှေးက မြန်မာသမားတော်ကြီးများသည် မိမိတို့နိုင်ငံတွင် ထွက်သောသစ်ပင်များ၏ ဆေးဖက်အသုံးဝင်မှုကို အစဉ်မပြတ် လေ့လာနေကြသည်။ ယနေ့အခါတွင် အနောက်တိုင်းဆေးများ၊ အခြားနိုင်ငံမှ ဆေးများ၊ အခြားနိုင်ငံမှ ကုန်ကြမ်းများ အလွယ်တကူ ရရှိနေသောကြောင့် သစ်ပင်တို့၏ ဆေးဖက်အသုံးဝင်မှုကို လေ့လာခြင်း အားနည်းလာပေသည်။

**တိုင်းရင်းဆေးဆရာတို့ အနေဖြင့်လည်း မိမိတို့တတ်ကျွမ်းနားလည်နေသည့် အပင်များကိုသာမက သစ်ပင်တို့၏ ဆေးဖက်ဝင်မှုကို နေ့စဉ်နှင့်အမျှ လေ့လာမှတ်တမ်းတင်နေမှသာ မြန်မာနိုင်ငံတွင်း ပေါက်ရောက်သော သစ်ပင်တို့သည် မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသော ပြည်သူလူထု၏ ကျန်းမာရေးအတွက် လိုအပ်မှုကို အချိန်အခါမရွေး ဖြည့်ဆည်းပေးနိုင်မည်** ဖြစ်ပေသည်။ ရှေးအခါက သစ်ပင်တို့၏ ဆေးဖက်ဝင်မှုကို လူတိုင်းနီးပါး သိကြသော်လည်း ယခုအခါတွင် သိသူရှားပါးသည်။ **ကျေးဇူးရှင်ဖြစ်သည့် နွယ်မြက်သစ်ပင်များကို တတ်ကျွမ်းနားလည်သည့် တိုင်းရင်းဆေးဆရာတို့သည် မိမိတို့၏ အသိပညာ၊ အတတ်ပညာကို အစဉ်တောက်ပြောင်နေစေရန် ဆောင်ရွက်နေရမည့်အပြင် ဆေးဖက်ဝင် အပင်များကိုလည်း မြန်မာပြည်တွင်း နေရာအနှံ့ရှာဖွေစုဆောင်း မှတ်တမ်းတင်နေမှသာလျှင် ရှေးနှစ်ပေါင်းထောင်ချီ၍ မှတ်တမ်းတင်ခဲ့သည့် ရှေးအခါက တိုင်းရင်းဆေး ဆရာကြီးများအတိုင်း နောင်နှစ်ပေါင်း တစ်ထောင်တွင် ဆေးပင်များစွာကို မှတ်တမ်းတင်ထားပြီး လူသားတို့ အကျိုး သယ်ပိုးနိုင်မည်**ဖြစ်ကြောင်း ရေးသားလိုက်ပါသည်။ ။

တိုင်းရင်းဆေးဆရာတို့ အနေဖြင့်လည်း မိမိတို့တတ်ကျွမ်းနားလည်နေသည့် အပင်များကိုသာမက သစ်ပင်တို့၏ဆေးဖက်ဝင်မှုကို နေ့စဉ်နှင့်အမျှ လေ့လာမှတ်တမ်းတင်နေမှသာ မြန်မာနိုင်ငံတွင်း ပေါက်ရောက်သောသစ်ပင်တို့သည် မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသော ပြည်သူလူထု၏ ကျန်းမာရေးအတွက် လိုအပ်မှုကို အချိန်အခါမရွေး ဖြည့်ဆည်းပေးနိုင်မည်။

ကျေးဇူးရှင်ဖြစ်သည့် နွယ်မြက်သစ်ပင်များကို တတ်ကျွမ်းနားလည်သည့် တိုင်းရင်းဆေးဆရာတို့သည် မိမိတို့၏ အသိပညာ၊ အတတ်ပညာကို အစဉ်တောက်ပြောင်နေစေရန် ဆောင်ရွက်နေရမည့်အပြင် ဆေးဖက်ဝင် အပင်များကိုလည်း မြန်မာပြည်တွင်း နေရာအနှံ့ ရှာဖွေစုဆောင်း မှတ်တမ်းတင်နေမှသာလျှင် ရှေးနှစ်ပေါင်းထောင်ချီ၍ မှတ်တမ်းတင်ခဲ့သည့် ရှေးအခါက တိုင်းရင်းဆေးဆရာကြီးများအတိုင်း နောင်နှစ်ပေါင်း တစ်ထောင်တွင် ဆေးပင်များစွာကို မှတ်တမ်းတင်ထားပြီး လူသားတို့အကျိုး သယ်ပိုးနိုင်မည်။

17-12 (10) 1 12/17/06, 3:44 AM

# MRTV-4
# ရုပ်မြင်သံကြားအစီအစဉ်

**၁၇-၁၂-၂၀၀၆ (တနင်္ဂနွေနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | ပရိတ်ကြီး ၁၁ သုတ် (ရွှေလင်းယုန်ဆရာတော်) |
| ၈း၀၀ | Sunday Talk [မျိုးမြတ်သူ၊ ကိုကို (စက်မှုတက္ကသိုလ်)] |
| ၈း၃၀ | တေးဂီတအစီအစဉ် |
| ၈း၃၅ | ထင်ရှားဖူးမြော် မွေတော်ကက္ကူစေတီတော် |
| ၈း၅၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၀၀ | တေးဂီတအစီအစဉ် |
| ၉း၀၅ | နိုင်ငံတကာအနုပညာရေးရာ |
| ၉း၃၅ | တေးဂီတအစီအစဉ် |
| ၉း၄၀ | စွမ်းအင်တို့ရဲ့ နှိုးစက် (ကခုန်ခြင်းနှင့် အားကစား) |
| ၉း၅၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၀၀ | မိသားစု တနင်္ဂနွေ (ကန်တော်ကြီး Central Forest Zone) |
| ၁၀း၁၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၂၀ | ကုန်သွယ်စီးပွား နိုင်ငံ့အား (၂၀၀၆ ခုနှစ် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲ) |
| ၁၀း၃၀ | တေးဂီတအစီအစဉ် |
| ၁၀း၃၅ | အောင်မြင်ပျော်ရွှင် ဇနီးမောင်နှံဘဝတွင် (ဖြိုးကြီး၊ စိုးမြတ်နန္ဒာ) |
| ၁၁း၀၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၁၀ | ဂုဏ်ယူစရာ မြန်မာ့လက်မှုအနုလက်ရာ ကနုကမာ |
| ၁၁း၂၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၃၀ | Music Gallery (The Ants- ပထမ၊ ဒုတိယ၊ တတိယ) |
| ၁၁း၅၅ | တေးဂီတအစီအစဉ် |
| ၁၂း၀၀ | စက္ကူလွှင့်လွှင့် ပန်းယဉ်ယဉ် အလှဆင်စေချင် |
| ၁၂း၁၀ | တေးဂီတအစီအစဉ် |
| ၁၂း၁၅ | ချစ်စရာ့ ရွှေကျင် |
| ၁၂း၂၅ | တေးဂီတအစီအစဉ် |
| ၁၂း၃၀ | ကျန်းမာခြင်းဆိုင်ရာ သိကောင်းစရာများ |
| ၁၂း၄၅ | တေးဂီတအစီအစဉ် |
| ၁၂း၅၀ | စည်းကမ်းလိုက်နာ ဘေးကင်းကွာ (လူကူးမျဉ်းကျားကကူးမယ်) |
| ၁၂း၅၅ | တေးဂီတအစီအစဉ် |
| ၁း၀၀ | MRTV-4 အပိတ် Logo၊ |

**အထက်ပါခြောက်နာရီစာ အစီအစဉ်များကို လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

### English Premier League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၇း၀၀ | ပွဲကြိုသုံးသပ်ချက်-၁ | 5-Sports |
| ၇း၃၀ | ပွဲကြိုသုံးသပ်ချက်-၂ | 5-Sports (Live) |
| ၈း၁၀ | Everton-Chelsea | 5-Sports (Live) |
| ၉း၂၄ | Man City-Tottenham | 5-Series (Live) |
| ၁၀း၂၅ | West Ham-Man Utd | 5-Sports (Live) |

### Series A ဘောလုံးပွဲစဉ်

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၂း၀၀ | Roma-Palermo | 5-Sports (Live) |

**အိန္ဒိယ နိုင်ငံ မဇ္ဈိမဒေသဗုဒ္ဓဂယာ မြေမြတ် မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်း ဟောင်း) နောက်ကျောဘက် ကပ်လျက် တိုးချဲ့ မြေနှစ်ဧကဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများအတွက် နှစ်ဖက်မိဘ အစ်ကို အစ်မများနှင့် ခင်ပွန်း ဦးစောဖေသိန်းအား ရည်စူး၍ ဒေါ်ထွေး**



**ညွှန့်နှင့် သား သမီး၊ မြေးတစ်စု ဟုမ္မလင်းမြို့ စစ်ကိုင်းတိုင်းမိသားစုက အလှူငွေ ကျပ်တစ်သိန်းငါးသောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ဣန္ဒက(တော်ကူး)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

# မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ လုပ်အားယှဉ်ပြိုင်ဆုနှင့် လုပ်အားဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ နေ့စဉ် ယာဉ် ၁၈၇၇စီးဖြင့် ခရီးသည်၂၄သိန်းကျော် သယ်ဆောင်ပေးနေ

ရန်ကုန် ဒီဇင်ဘာ ၁၆

မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(ရန်ကုန်တိုင်း)၏ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ် (၃၈)ကြိမ်မြောက် လုပ်အားယှဉ်ပြိုင်ဆုနှင့် လုပ်အားဆုချီးမြှင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၃ရက်က ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ(ရန်ကုန်တိုင်း) ရုံးချုပ်ခန်းမ၌ ကျင်းပသည်။





ရှေးဦးစွာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်လှရွှေဝင်း တက်ရောက်၍ အမှာစကား ပြောကြားရာတွင် **(အပေါ်ပုံ)** မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီမံကြီးကြပ်မှုဖြင့် ရန်ကုန် မြို့တော်နှင့် ရန်ကုန်တိုင်းအတွင်း ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်ကြောင်း၊ ယင်းကော်မတီ၌ ယာဉ်စီးရေ ၂၃၉၇ စီးကျော်ရှိပြီး နေ့စဉ်ထွက်ကား ၁၈၇၇ စီးကျော်၊ ပြေးဆွဲခေါက်ရေပေါင်း ၁၅၂၃၉ ခေါက်ကျော်ဖြင့် ခရီးသည် ၂၄သိန်းကျော်ကို သယ်ဆောင်ပေးလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ မော်တော်ယာဉ်လိုင်း အသီးသီး၏ ယာဉ်ပြေးဆွဲမှု အဆင်ပြေစေရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးတို့အတွက် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးကြီးကြပ်ကွပ်ကဲမှုအဖွဲ့က အပတ်စဉ် သောကြာနေ့တိုင်း အစည်းအဝေးများကို ပြုလုပ်ပြီး ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင်သဘာဝဓာတ်ငွေ့သုံးယာဉ်များအဖြစ် ပြောင်းလဲရာတွင် ကြုံတွေ့ရသည့် စက်ပိုင်းဆိုင်ရာ အခက်အခဲနှင့် အခြားလိုအပ်ချက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယာဉ်မဆင်မခြင်မောင်းနှင်ခြင်း၊ ယာဉ်စီးခ ပိုမိုတောင်းယူခြင်း၊ ခရီးသည်များအား မချေမင် ရိုင်းပျစွာဆက်ဆံခြင်း၊ စက်သုံးဆီ အလွဲသုံးစား ပြုလုပ်ခြင်းများမရှိစေရေးနှင့် တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည့် "Green Clean, Healthy and Secure City Plan"အောင်မြင်စေရေးအတွက် ယာဉ်လိုင်းတာဝန်ရှိသူများနှင့် ယာဉ်မောင်း၊ ယာဉ်လုပ်သားများက ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

**ဆုများပေးအပ်**

ထို့နောက် တိုင်းမှူးက လုပ်အားယှဉ်ပြိုင်ဆုနှင့် လုပ်အားဆု ရရှိကြသည့် ယာဉ်ပိုင်ရှင်၊ ယာဉ်လုပ်သားများနှင့် ဝန်ထမ်းများအတွက် ဆုများကို ဌာနမှူးများနှင့် ဌာနခွဲကော်မတီဥက္ကဋ္ဌများထံ ပေးအပ်သည်။

ယင်းနောက် တာဝန်ရှိသူများက လုပ်အားယှဉ်ပြိုင်ဆုနှင့် လုပ်အားဆု ရရှိကြသည့် ယာဉ်ပိုင်ရှင်များ၊ ယာဉ်လုပ်သားများနှင့် ဝန်ထမ်းများအား လည်းကောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်း၌ ပညာပေးဟောပြောပို့ချခဲ့ကြသည့် ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တာဝန်ရှိသူအားလည်းကောင်း ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

**(သတင်းစဉ်)**

## အသင်းအထွေထွေအတွင်းရေးမှူး ဦးဌေးဦး
## ခရိုင်နှင့်မြို့နယ်ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းဝင်များနှင့်တွေ့ဆုံ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးမှာကြား

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူ များနှင့်အတူ ဒီဇင်ဘာ၁၀ ရက် နံနက်ပိုင်းက ဟသ်ာတမြို့ မြို့သူကြီးစေတီတော် ဘက်စုံပြုပြင်မွမ်းမံမှု အလှူတော်ငွေပေးအပ်ပွဲသို့ တက်ရောက်ပြီး အထွေထွေအတွင်းရေးမှူးနှင့် ခရိုင်နှင့် မြို့နယ် အမှုဆောင်များ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မိသားစုများနှင့် စေတနာရှင်အလှူရှင်များက စုပေါင်းအလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသန်းအောင်က လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**တိုးမြှင့်ဆောင်ရွက်**

ထို့နောက် အထွေထွေအတွင်းရေးမှူးသည် ဟသ်ာတမြို့ ဆည်မြောင်းရိပ်သာ၌ ဌာနဆိုင်ရာများ၊ ဟသ်ာခရိုင် နှင့် ဟသ်ာတမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအမှုဆောင် များ၊ အသင်းဝင်များနှင့် တွေ့ဆုံ၍ အသင်းကြီး၏ရည်ရွယ်ချက်၊ ရှေ့လုပ်ငန်းစဉ်များ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်များအတိုင်း လက်တွေ့ကျသော လုပ်ငန်းများဖြင့် တိုးမြှင့်ဆောင်ရွက်သွားကြရေး မှာကြားသည်။

ယင်းနောက် အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့သည် ဟသ်ာတမြို့နယ် နတ်မှော်ရွာရှိ တိလောကဥဿျောင် ရှင်သာလျောင်းဘုရားအား ဖူးမြော်ကြည်ညိုပြီး ဆီမီးရှစ်သောင်းလေးထောင် ပူဇော်ပွဲအတွက် အလှူတော်ငွေများကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် နတ်မှော်ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုး တိုးတက်ရေးကိစ္စများ မှာကြားပြီး စည်းရုံးရေးမှူးများ၏ တင်ပြချက်များအပေါ် အထွေထွေအတွင်းရေးမှူးက ပံ့ပိုးကူညီမှုများ ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ဒီဇင်ဘာ ၉ရက်က သဃ်န်းကျွန်းမြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက်ဖြင့် ရန်အောင်ရပ်ကွက်အတွင်း မီးဘေးကြိုတင် ကာကွယ်ရေးလုပ်ငန်းဆောင်ရွက်မှုများကိုမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်လွင်၊ မြို့နယ် မီးသတ်**



**ဦးစီးမှူး ဦးရဲမင်းထွဋ်၊ မြို့နယ်အရန်မီးသတ်တပ်ရင်းမှူး ဦးခင်မောင်ထွန်း၊ ရပ်ကွက်ဥက္ကဋ္ဌဦးမျိုးဦးနှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုစစ်ဆေးစဉ်။** (က-ပ)

## အရေးပေါ် မီးငြိမ်းသတ်နည်း စွမ်းရည်ပြသ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

မရမ်းကုန်းမြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေးအဖွဲ့သည် မြို့နယ်အတွင်း လူနေအိမ်များ၊ စက်ရုံ၊ အလုပ်ရုံများအား မီးဘေးအန္တရာယ် ကင်းဝေးစေရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၃ရက် နံနက် ၈နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အုန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ရဲကျော်သူစိုးနိုင်နှင့် တပ်ဖွဲ့ဝင်များ၊ အမှတ် (၈)ရပ်ကွက် ဥက္ကဋ္ဌဦးအောင်ဘုန်းနိုင်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ယာယီစည်းရုံးရေးမှူး ဦးသူရနှင့် အဖွဲ့ဝင်များ၊ ဒေသအရန်မီးသတ်တပ်ဖွဲ့ တပ်ခွဲမှူး ဦးအောင်ဝင်းနှင့် တပ်ဖွဲ့ဝင်များက ရပ်ကွက်၊ လမ်းများအလိုက် မီးဘေးအန္တရာယ် နှိုးဆော်ခြင်း၊ စစ်ဆေးခြင်း၊ အပေါ့စားမီးသတ်စက်ဖြင့် အရေးပေါ်မီးငြိမ်းသတ်နည်း စွမ်းရည်သရုပ်ပြမှုတို့ကို ကြည့်ရှုစစ်ဆေး အားပေးကြသည်။ **(အောက်ပုံ)**

**(က-ပ)**



## ကမ္ဘာတစ်လွှား အားကစား

# တရုတ်တို့ ရွှေအများဆုံးသိမ်းကျုံးယူပြီး ဒိုဟာကိုနှုတ်ဆက်

ဒိုဟာ ဒီဇင်ဘာ ၁၆

**(၁၅)ကြိမ်မြောက် ဒိုဟာအာရှ အားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၁၅ ရက်က နောက်ဆုံးနေ့အဖြစ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။**

**ဘော်လီဘော**

တောင်ကိုရီးယား အမျိုးသား ဘော်လီဘောအသင်းသည် တရုတ်အသင်းကို သုံးပွဲ-တစ်ပွဲဖြင့်နိုင်ပြီး ရွှေတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။ ရွှေတံဆိပ်အများဆုံးဆွတ်ခူးခဲ့သော တရုတ်တို့ ဘော်လီဘောတွင် ငွေဖြင့်သာ ကျေနပ်ခဲ့ရသည်။

ဆော်ဒီအာရေဗျ ဘော်လီဘောအသင်းက ကာတာ ဘော်လီဘောအသင်းကိုနိုင်ပြီး ကြေးတံဆိပ် ခတ်နှိပ်နိုင်ခဲ့သည်။

**ဘတ်စကက်**

တရုတ် ဘတ်စကက်ဘောအသင်းသည် အမျိုးသားရော အမျိုးသမီးတွင်ပါ ရွှေတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။

တရုတ်အမျိုးသား ဘတ်စကက်ဘောအသင်းသည် ကာတာအသင်းကို နိုင်ပြီး ရွှေတံဆိပ်ဆုဆွတ်ခူးနိုင်ခဲ့သည်။ ကာတာတို့ ဘောလုံးတွင် ရွှေတံဆိပ် ဆွတ်ခူးခဲ့သော်လည်း ဘက်စကက်တွင် ငွေတံဆိပ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ အီရန်အသင်းက ဂျော်ဒန်ကိုနိုင်ပြီး ကြေးတံဆိပ် ဆွတ်ခူးသွားသည်။

တရုတ်အမျိုးသမီး ဘတ်စကက်ဘောအသင်းသည် တရုတ်(တိုင်ပေ)အသင်းကိုအနိုင်ရပြီး ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် ဂျပန်အသင်းက ကြေးတံဆိပ်ဆွတ်ခူးခဲ့သည်။

**တင်းနစ်**

အမျိုးသမီးနှစ်ယောက်တွဲ တင်းနစ်ပြိုင်ပွဲတွင် တရုတ်မှကျန်ဂျီနှင့် ရန်ဇီတို့အတွဲက တရုတ်(တိုင်ပေ)မှ ယူကျန်နှင့်ချောင်ချီယာတို့အတွဲကို အနိုင်ရပြီး ရွှေတံဆိပ် ဆွတ်ခူးသွားခဲ့သည်။

အာရှအားကစား ပြိုင်ပွဲများကို ကာတာနိုင်ငံ ဒိုဟာမြို့၌ ဒီဇင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၁၅ ရက်အထိ ယှဉ်ပြိုင်ကစားခဲ့ကြပြီး ဖြစ်သည်။

တရုတ်အသင်းသည် ရွှေအများဆုံး ဆွတ်ခူးနိုင်ခဲ့သည်။ တောင်ကိုရီးယားက ရွှေ ၅၈ ခုရပြီး ဒုတိယလိုက်သည်။ ဂျပန်က ရွှေ ၅၀ ရပြီး တတိယ လိုက်နိုင်ခဲ့သည်။ ယင်းဒိုဟာအာရှအားကစားပြိုင်ပွဲတွင် နိုင်ငံနှင့်ဒေသ ၃၂ ခုမှ အားကစားသမားများ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

တရုတ်တို့သည် ၂၀၀၈ ခုနှစ်တွင် အိုလံပစ်ပြိုင်ပွဲများကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည်ဖြစ်၍ ဒိုဟာအာရှအားကစား ပြိုင်ပွဲသည် အိုလံပစ်အတွက် အသင့်အနေအထား ဖြစ်စေခဲ့သည်။ ။ **(အင်တာနက်)**



**အီရတ်အသင်းကို အနိုင်ရပြီး အောင်ပွဲခံနေသော ကာတာ အမျိုးသားဘောလုံးအသင်း။**



**အမျိုးသား ဘော်လီဘောတွင် တရုတ်အသင်းကိုအနိုင်ရပြီး အောင်ပွဲခံနေသော တောင်ကိုရီးယား ဘော်လီဘောအသင်း။**



**အောင်ပွဲခံ**

**တရုတ်ဘတ်စကက်ဘောအသင်း ကာတာအသင်းကိုနိုင်ပြီး ဤသို့ အောင်ပွဲခံခဲ့ကြသည်။**

(ဓာတ်ပုံ-အင်တာနက်)

**ရေးသားတင်ပြသူ မြင့်မောင်စိုး**

### အာရှအားကစားပြိုင်ပွဲဆုတံဆိပ်ရရှိမှု

| စဉ် | | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | တရုတ် | ၁၆၅ | ၈၈ | ၆၃ | ၃၁၆ |
| ၂။ | တောင်ကိုရီးယား | ၅၈ | ၅၃ | ၈၂ | ၁၉၃ |
| ၃။ | ဂျပန် | ၅၀ | ၇၁ | ၇၇ | ၁၉၈ |
| ၄။ | ကာဇက်စတန် | ၂၃ | ၁၉ | ၄၃ | ၈၅ |
| ၅။ | ထိုင်း | ၁၃ | ၁၅ | ၂၆ | ၅၄ |
| ၆။ | အီရန် | ၁၁ | ၁၅ | ၂၂ | ၄၈ |
| ၇။ | ဥဇဘက်ကစ္စတန် | ၁၁ | ၁၄ | ၁၄ | ၃၉ |
| ၈။ | အိန္ဒိယ | ၁၀ | ၁၈ | ၂၆ | ၅၄ |
| ၉။ | ကာတာ | ၉ | ၁၂ | ၁၁ | ၃၂ |
| ၁၀။ | တရုတ်(တိုင်ပေ) | ၉ | ၁၀ | ၂၇ | ၄၆ |

**(အင်တာနက်)**

# ချာလ်တန်နည်းပြအပေါ် ဂျရတ်က ဝေဖန်ပြောကြား





**စတီဗင်ဂျရတ်နှင့် လက်စ်ရီး။**

**လန်ဒန် ဒီဇင်ဘာ ၁၆**

ယူရို ၂၀၀၀ ဘောလုံးပြိုင်ပွဲအတွင်း မိမိအား ခြိမ်းခြောက်ပြောကြားမှုများနှင့် ပတ်သက်၍ ချာလ်တန်နည်းပြ လက်စ်ရီးအား မိမိလေးစားဖွယ်ရာကောင်းသူ တစ်ဦးအဖြစ် သတ်မှတ်တော့မည်မဟုတ်ကြောင်း လီဗာပူးအသင်းခေါင်းဆောင် စတီဗင်ဂျရတ်က ပြောကြားလိုက်သည်။

**တုံ့ပြန်ပြောကြား**

လီဗာပူးအသင်းခေါင်းဆောင် ဂျရတ်က မိမိစိတ်ထိခိုက်စရာ စကားများကို လက်စ်ရီးက ပြောကြားခဲ့သည်ဟု ဆိုခဲ့သော်လည်း လက်စ်ရီးက ထိုသို့ မဟုတ်ကြောင်း တုံ့ပြန်ပြောကြားခဲ့သည်။

**လေးစားဖွယ်**

အဆိုပါ ကိစ္စနှင့်ပတ်သက်၍ လက်စ်ရီးက ဂျရတ်နှင့်တွေ့ဆုံသည့်အခါ မိမိရှင်းပြမည်ဖြစ်ကြောင်း ပြောကြားသည်။ စတီဗင်ဂျရတ်သည် အင်္ဂလန်အသင်းအတွက် လေးစားဖွယ်ရာ ဘောလုံးသမားတစ်ဦးဖြစ်ကြောင်း၊ မိမိသည် စတီဗင်ဂျရတ်၏ ပရိသတ်တစ်ဦးဖြစ်ကြောင်း ပြောကြားသည်။

စတီဗင်ဂျရတ်ကမူ သူ့အား "စိတ်ဓာတ်ကောင်းကောင်းထားပါ"ဟု လက်စ်ရီးက ပြောကြားခဲ့သည်ဟု ဆိုသည်။

**(အင်တာနက်)**

# မန်ယူဂိုးသမား ဗန်ဒါဆာ စာချုပ်သက်တမ်းတိုးပြီ

**စုစည်းတင်ပြသူ-မောင်မောင်မြင့်ဆွေ**

**လန်ဒန် ဒီဇင်ဘာ ၁၆**

မန်ချက်စတာယူနိုက်တက် ဂိုးသမား ဗန်ဒါဆာသည် မန်ယူအသင်းနှင့် သက်တမ်းတိုးစာချုပ်တစ်ရပ် ချုပ်ဆိုလိုက်ပြီဖြစ်သည်။ ဗန်ဒါဆာသည် မန်ယူအသင်းတွင် ပထမဂိုးသမားအဖြစ် ကစားနေသူ ဖြစ်သည်။

**သက်တမ်းတိုး**

အသက်(၃၆)နှစ်အရွယ် ဒတ်ချ် ဂိုးသမား ဗန်ဒါဆာသည် လွန်ခဲ့သည့် တစ်နှစ်ခွဲကျော်က မန်ယူကလပ်သို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။ ယခုအခါ မန်ယူအသင်းနှင့် နောက်ထပ်ဘောလုံးရာသီနှစ်နှစ် ဆက်လက် ကစားရန် သက်တမ်းတိုး စာချုပ်လိုက်ပြီဖြစ်သည်။



**မန်ယူဂိုးသမား ဗန်ဒါဆာ။**

ဗန်ဒါဆာအနေဖြင့် နောက်ထပ် နှစ်နှစ်ကစားရန် စွမ်းအားရှိနေသေးကြောင်း၊ ကြံ့ခိုင်မှုလည်းရှိနေကြောင်း၊ ခြေစွမ်းပြကစားနိုင်မှုရှိနေကြောင်း ဖာဂူဆန်က ပြောကြားသည်။

**ကစားခဲ့သူတစ်ဦး**

မန်ယူတွင် ဗန်ဒါဆာသည် တစ်နှစ်စာချုပ် ချုပ်ဆိုထားပြီး နောက်ထပ်နှစ်နှစ်အတွက် သက်တမ်းတိုး စာချုပ်ချုပ်လိုက်ခြင်း ဖြစ်သည်။ ဗန်ဒါဆာသည် ဂျူဗင်တပ်စ်၊ အေဂျက်စ်နှင့် ဖူလ်ဟမ်တို့တွင် ကစားခဲ့ဖူးသူတစ်ဦးလည်း ဖြစ်သည်။ ။ **(အင်တာနက်)**

# မန်ယူက ဟားဂရေ့ဗ်ကို ခေါ်ယူရန် ကြိုးစား

**လန်ဒန် ဒီဇင်ဘာ ၁၆**

ဘိုင်ယန်မြူးနစ် ကွင်းလယ်ကစားသမား အိုဝင်ဟားဂရေ့ဗ်ကို စာချုပ်ချုပ်ဆို ခေါ်ယူနိုင်ရန် ဘိုင်ယန်မြူးနစ်နှင့် မန်ယူတို့ စာချုပ်ချုပ်နိုင်ရေး သဘောတူညီချက် ရရှိရန် ရိုင်ယံဂစ်က မျှော်လင့်နေကြောင်းသိရသည်။

**သတိပေးထား**

ဟားဂရေ့ဗ်သည် မန်ယူသို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေသော်လည်း ဘိုင်ယန်မြူးနစ်က မန်ယူ၏ ကမ်းလှမ်းချက်ကို ပယ်ချထားသည်။ ဟားဂရေ့ဗ်ကဲ့သို့သော ကစားသမားမျိုး မန်ယူတွင် လိုအပ်နေပြီဖြစ်ကြောင်း ဂစ်က သတိပေးထားသည်။

အသက်(၂၅)နှစ်အရွယ်ရှိ ဟားဂရေ့ဗ်သည် မကြာမီက ခြေထောက် ဒဏ်ရာရရှိခဲ့သော်လည်း ယခုအခါ လေ့ကျင့်ခန်းများ ပြန်ဆင်းနေပြီဖြစ်သည်။ မန်ယူက ဟားဂရေ့ဗ်ကို ခေါ်ယူနိုင်ရန် ထပ်မံကြိုးစားနေသော်လည်း မန်ယူကပေးသော ငွေကြေးပမာဏနှင့် ပတ်သက်၍ ဘိုင်ယန်မြူးနစ်က ငြင်းပယ်ထားသည်။

လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလ၌ မန်ယူက ဟားဂရေ့ဗ်ကို ခေါ်ယူရန် ထပ်မံကြိုးစားလျက်ရှိသည်။

**(အင်တာနက်)**



**မန်ယူက ခေါ်ယူမည့် ဟားဂရေ့ဗ်။**




# ဂရင်းရွိုင်ရယ်ဖလားဘောလုံးပြိုင်ပွဲအကြို သတင်းစာရှင်း မန္တလေးမြို့ ဗထူးကွင်း၌ ယနေ့စတင်ယှဉ်ပြိုင်ကစားမည်

**မန္တလေး ဒီဇင်ဘာ ၁၆**

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် Internatioal Beverages Trading Co.,Ltd. တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၆ခုနှစ် ဒုတိယအကြိမ် ဂရင်းရွိုင်ရယ်ဖလား နိုင်ငံတကာဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ (Grand Royal Challenge Cup 2006)ကို ဒီဇင်ဘာ ၁၇ရက် **(ယနေ့)**တွင် မန္တလေးမြို့ ဗထူးအားကစားကွင်း၌ စတင်ကျင်းပမည်ဖြစ်သည်။

**သတင်းစာရှင်း**

၂၀၀၆ခုနှစ် ဒုတိယအကြိမ် ဂရင်းရွိုင်ရယ်ဖလား နိုင်ငံတကာ ဘောလုံးပြိုင်ပွဲ ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့ နံနက် ၁၀နာရီခွဲတွင် မန္တလေးမြို့ရှိ ဟိုတယ်မန္တလေး၌ ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ IBTC ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူနှင့် နည်းပြများ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**မလေးရှား(ယူ–၂၃)အသင်း**

ရှေးဦးစွာ မလေးရှား(ယူ–၂၃) အသင်း၏ နည်းပြချုပ် ဆာသီယာက ပွဲအကြို ရှင်းလင်းပြောကြားရာ "မိမိတို့ အသင်းကို ဒီဇင်ဘာ ၁ရက်မှ စတင်၍ စုစည်းလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြောင်း၊ မိမိတို့ကစားသမားများသည် ပရော်ဖက်ရှင်နယ် ဘောလုံးသမားများဖြစ်၍ စုစည်းလေ့ကျင့်မှု မတိုင်မီက သက်ဆိုင်ရာကလပ်အသင်းများ၌ ကစားနေကြကြောင်း၊ ယခုအသင်းမှာ အိုလံပစ်လူငယ်အသင်း ဖြစ်ကြောင်း၊ အိုလံပစ်ခြေစစ်ပွဲအဖြစ် ဆီးရီးယားအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း၊ မိမိတို့အသင်းတွင် ဒိုဟာ အာရှအားကစားပြိုင်ပွဲဝင် မလေးရှားလက်ရွေးစင်အသင်းမှ အားကစားသမားလေးဦး ပါဝင်လာကြောင်း၊ ယခုပြိုင်ပွဲပြီးပါက ဒိန်းမတ်နှင့် ဩစတြေးလျတို့၌ ခြေစမ်းပွဲများ သွားရောက်ကစားမည်ဖြစ်ကြောင်း၊ ယခုပြိုင်ပွဲ မတိုင်မီ ထိုင်း(ယူ–၂၃)အသင်း၊ တောင်အာဖရိကမှ ကလပ်အသင်းများနှင့် ခြေစမ်းကစားခဲ့ကြောင်း၊ မြန်မာ့လက်ရွေးစင်အသင်း ခြေစွမ်းကို မြင်တွေ့ဖူး၍ ခန့်မှန်းနိုင်သော်လည်း မြန်မာ(ယူ–၂၃) အသင်းကို မမှန်းဆတတ်ကြောင်း၊ ဆီးရီးယားကဲ့သို့ တောင့်တင်းသည့် အသင်းမျိုးနှင့် အိုလံပစ်ခြေစစ်ပွဲကစားရန် အဓိကထား ပြင်ဆင်လျက်ရှိချိန်တွင် မြန်မာ့လက်ရွေးစင် အသင်းနှင့် ကစားရသည့်အတွက် မိမိတို့အတွေ့အကြုံပိုရပါကြောင်း၊ မာဒေးကား ဖလားပွဲ၌ ပရိသတ်အားပေးမှုများပြားသကဲ့သို့ ယခုပြိုင်ပွဲ၌ ပရိသတ်အားပေးမှု ကောင်းမွန်မည်ဟု ယုံကြည်ပါကြောင်း" ပြောကြားသည်။

**အင်ဒိုနီးရှား(ယူ–၂၃)အသင်း**

ဆက်လက်၍ အင်ဒိုနီးရှား(ယူ–၂၃)အသင်းနည်းပြချုပ် ရာဟင်က ပွဲအကြို ရှင်းလင်းပြောကြားရာ "မိမိတို့အသင်းကို ဒိုဟာအာရှအားကစားပြိုင်ပွဲမတိုင်မီ နှစ်ပတ်ခန့်ကြိုတင်၍ လေ့ကျင့်ခဲ့ကြောင်း၊ ဒိုဟာ အာရှအားကစား ပြိုင်ပွဲ၌ အီရတ်ကိုရှုံးပြီး စင်ကာပူနှင့် ဗီယက်နမ်တို့ကို သရေကျခဲ့ကြောင်း၊ မိမိတို့အသင်း၌ အသက် ၂၃နှစ်အောက် အားကစားသမားများသာ ပါဝင်လာ၍ အိုလံပစ်လူငယ်အသင်းဖြစ်ပါကြောင်း၊ ယခုအသင်း၌ အာရှအားကစားပွဲ၌ ပါဝင်ခဲ့သူ ၁၈ဦး ပြန်လည်ပါဝင်လာကြောင်း၊ အာရှအားကစားပွဲမတိုင်မီက ဟော်လန်နိုင်ငံ၌ ငါးလကြာသွားရောက်လေ့ကျင့်ခဲ့ကြောင်း၊ အိုလံပစ်ခြေစစ်ပွဲအဖြစ် မော်လဒိုက်အသင်းနှင့် ကစားရမည်ဖြစ်၍ ယခုပြိုင်ပွဲ၌ အတွေ့အကြုံရရှိမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့်မာဒေးကားဖလားပွဲကစားခဲ့သည့် အင်ဒိုနီးရှားလက်ရွေးစင်အသင်းမှ အားကစားသမားများ တစ်ဦးမျှ ပြန်လည်ပါဝင်လာခြင်းမရှိပါကြောင်း၊ မြန်မာ့လက်ရွေးစင်အသင်းသည် မာဒေးကားဖလား ချန်ပီယံအသင်းဖြစ်၍ အသင်းကောင်းပင်ဖြစ်ကြောင်း၊ မန္တလေးမြို့ ရာသီဥတုမှာ မိမိတို့အတွက် အခက်အခဲမရှိပါကြောင်း"ဖြင့် မြန်မာ့အလင်းသို့ ပြောကြားသည်။

**မြန်မာ(ယူ–၂၃)အသင်း**

မြန်မာ(ယူ–၂၃)အသင်း နည်းပြဦးတင်မြင့်အောင်က ပြိုင်ပွဲအကြို ရှင်းလင်း ပြောကြားရာ "မိမိတို့အသင်းသည် လေ့ကျင့်ရက်၂၀သာ ရခဲ့ကြောင်း၊ ရသည့် အချိန်ကာလအတွင်းအကောင်းဆုံး ပြင်ဆင်ခဲ့သော်လည်း ကျေနပ်လောက်သည့် အနေအထားမျိုးမရသေးကြောင်း၊ လိုအပ်ချက်၊ အားနည်းချက်ရှိနေဆဲဖြစ်ကြောင်း၊ လေ့ကျင့်ရေးကွင်း၌ ကစားသမားတစ်ဦး ထိခိုက်ဒဏ်ရာရရှိသွား၍ ၁၈ဦး လူစာရင်း အပြောင်းအလဲရှိနိုင်ကြောင်း၊ မိမိတို့အသင်း၌ လက်ရွေးစင်အသင်းတွင် ပါဝင်ဖူးသူဆို၍ စိုးလင်းထွန်းတစ်ဦးသာ ပါဝင်ကြောင်း၊ ကစားသမားအများစုမှာ မိမိ ရွေးချယ် ခေါ်ယူခဲ့ပြီး အုပ်ချုပ်သူဦးအေးမောင်ကြီးကလည်း ကူညီရွေးချယ်ပေးကြောင်း၊ အင်ဒိုနီးရှား (ယူ–၂၃)အသင်းကို ကောင်းစွာလေ့လာထားပြီးဖြစ်သော်လည်း မလေးရှား(ယူ–၂၃)အသင်း အနေအထားကို မလေ့လာရသေးကြောင်း၊ နောက်ဆုံး ဗိုလ်လုပွဲ၌ မြန်မာ့လက်ရွေးစင်အသင်းနှင့်ဆုံတွေ့ခဲ့လျှင် အနိုင်ရရှိအောင် ရေကုန်ရေခန်းကစားမည်ဖြစ်ကြောင်း၊ အချင်းချင်းဖြစ်သော်လည်း ဘောလုံး ကွင်းထဲရောက်လျှင် မိမိတို့အသင်းအနိုင်ရရှိရေးအတွက်သာ အာရုံစိုက်ကစားကြရန် ကစားသမားများကို စိတ်ဓာတ်သွင်းပေးထားကြောင်း" ပြောကြားသည်။

**မြန်မာ့လက်ရွေးစင်အသင်း**

မြန်မာ့လက်ရွေးစင်အသင်းနည်းပြ ဦးဆန်းဝင်းက ပွဲကြိုရှင်းလင်းပြောကြားရာ"မိမိတို့အသင်းကို အောက်တိုဘာ ၁ရက်မှ စတင်၍ ၃၃ဦးဖြင့် ဖွဲ့စည်းလေ့ကျင့်ခဲ့ကြောင်း၊ မိမိနှင့်ရွေးချယ်ရေးအဖွဲ့တို့ တိုင်ပင်ညှိနှိုင်းပြီး ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ မာဒေးကားပြိုင်ပွဲဝင်အသင်းမှ အောင်ကျော်မိုး၊ ဇော်ဇော်နှင့် ကျော်ဇေယျာမင်းတို့ ထိခိုက်ဒဏ်ရာရရှိထား၍ ကျန်ခဲ့ကြောင်း၊ မန္တလေးမြို့သို့ အားကစားသမား၂၀ခေါ်လာသော်လည်း ဂိုးသမားတင်ယုနှင့် အလယ်တန်းလူ အောင်ကျော်ထွန်းတို့ မပါဝင်တော့ဘဲ ၁၈ဦးသာ စာရင်းပေးသွင်းထားကြောင်း၊ ယခုပြိုင်ပွဲသည် အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရမည့် မိမိတို့ အသင်းအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ ယခုပြိုင်ပွဲ၌ အတွေ့အကြုံရရှိရေးသက်သက် မဟုတ်ဘဲ ချန်ပီယံဖြစ်အောင် ကစားမည်ဖြစ်ကြောင်း၊ ပွဲစဉ်တိုင်းအနိုင်ရရှိရေးအတွက် တစ်နေ့လေးကြိမ် ပြင်းပြင်းထန်ထန် လေ့ကျင့်ခဲ့ကြကြောင်း"ပြောကြားသည်။

ဆက်လက်၍ မြန်မာ့လက်ရွေးစင် အသင်းအုပ်ချုပ်သူ ဦးတင်ဟန်နှင့် မြန်မာ(ယူ–၂၃)အသင်း အုပ်ချုပ်သူ ဦးအေးမောင်ကြီးတို့ကလည်း "မိမိတို့အနေဖြင့်နည်းပြများ၏ လုပ်ပိုင်ခွင့်ကို ဝင်ရောက်စွက်ဖက်ခြင်းမျိုး မဟုတ်ဘဲ အသင်း၏ လိုအပ်ချက်၊ အားနည်းချက်များကို အကြံပေးခြင်း၊ ညှိနှိုင်းဆွေးနွေးခြင်းမျိုးသာ လုပ်မည် ဖြစ်ကြောင်း၊ အသင်းတိုင်းကို လျှော့တွက်၍မရကြောင်း" ဖြည့်စွက် ရှင်းလင်းပြောကြားသည်။

**ကြိုဆိုနှုတ်ဆက်**

ဒုတိယအကြိမ် ဂရင်းရွိုင်ရယ်ဖလား နိုင်ငံတကာဘောလုံးပြိုင်ပွဲ ပြိုင်ပွဲဝင် အသင်းများအား ကြိုဆိုနှုတ်ဆက်ခြင်းအထိမ်းအမှတ် ညစာစားပွဲ အခမ်းအနားကို ယနေ့ညနေ ၆နာရီက မန္တလေးမြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူ များ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူ များ၊ I.B.T.Cကုမ္ပဏီမှတာဝန်ရှိသူ များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူနည်းပြနှင့် အားကစားသမားများ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူ များ တက်ရောက်ကြသည်။

Grand Royal Challenge Cup 2006 ဖြစ်မြောက်ရေးအတွက် International Beverages Trading Co.,Ltd. က အဓိကပံ့ပိုးပြီး Co., Sponsors များအဖြစ် Air Bagan, Hotel Mandalay, Mitsubishi Electric, Super Lemon Tea, Leaser သွားတိုက်ဆေး၊ One Tea နို့ဆီနှင့် Asia အချိုရည်တို့က ပံ့ပိုးကူညီကြကြောင်းသိရသည်။

**သတင်းစကားပါး**

ဂရင်းရွိုင်ရယ်ဖလား နိုင်ငံတကာ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ပထမနေ့ပွဲစဉ်အဖြစ် ဒီဇင်ဘာ ၁၇ရက်**(ယနေ့)** ညနေ ၃နာရီခွဲတွင် ပထမပွဲစဉ်အဖြစ် မြန်မာ(ယူ–၂၃)အသင်းနှင့် မလေးရှား(ယူ–၂၃)အသင်း၊ ညနေ ၆နာရီတွင် ဒုတိယပွဲစဉ်အဖြစ် အင်ဒိုနီးရှား(ယူ–၂၃)အသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းစကားရေးသားပေးပို့လိုက်ရပါကြောင်း။ ။

**(မြန်မာ့အလင်း)**

သတင်းဆောင်းပါးရေးသားပေးပို့သူ - ကိုထွေး

17-12 (13) 1 12/17/06, 3:44 AM

# ပညာရည်မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး

**မိုးထက်မြင့်**
**( မြစ်ဝကျွန်းပေါ် )**

"စာသင်ပျိုနု အခြေပြုတို့
ဥဇုဘူတ လုံ့လပြင်းစွာ
သူ့ထက်ငါဟု နှုတ်မှာရွရွ
ကြိုးပမ်းကလျှင် သိပ္ပကျေးဇူး
အထူးသိမြင် ပညာရှင်ဟု
မထင်မပေါ် မကျော်စောဘဲ တီမှာလွဲအံ့။ ။"

(ရှင်မဟာရဋ္ဌသာရ)

ယနေ့ နိုင်ငံတော်သည် အမျိုးသားပညာရည် မြင့်မားရေးနှင့် လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ပြိုင်နက်တည်း တည်ဆောက်နေချိန် ဖြစ်ပါသည်။ အမျိုးသားပညာရည်မြင့်မားရေးနှင့် မျှော်မှန်းချက်သည်"မျက်မှောက်ကာလဖြစ်သော ပညာရေးစိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းလာစေရန်"ဟူ၍ဖြစ်ပါသည်။ ယနေ့ခေတ်သည်"ပညာခေတ်"ဖြစ်ပြီး အစဉ်သင်ယူနေသော မြန်မာ့လူ့ဘောင်ကြီးကို ပညာရေးဖြင့် တည်ဆောက်လျက် ရှိနေပါသည်။

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက (၈၆)နှစ်မြောက် အမျိုးသားနေ့အတွက် ပေးပို့သည့် သဝဏ်လွှာတွင် ပညာရည်မြင့်မားရေးနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ထည့်သွင်းဖော်ပြခဲ့ပါသည်–

**"သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပြောင်းလဲတိုးတက်လျက်ရှိသော နိုင်ငံတကာ ပညာရေးအဆင့်အတန်းနှင့် ရင်ပေါင်တန်းနိုင်သည့် ပညာရေးစနစ် ဖြစ်ထွန်းလာစေရန်အတွက် အမျိုးသားပညာရည်မြင့်မားလာရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်းကို ချမှတ် အကောင်အထည်ဖော်လျက်ရှိပါသည်။ ယင်းစီမံကိန်း လုပ်ငန်းစဉ်များအရ ပညာရည်မြင့်မားပြီး မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ် ထက်သန်မြင့်မားသည့် လူ့စွမ်းအား အရင်းအမြစ်များ ဖြစ်ထွန်းလာလျက်ရှိရာ နိုင်ငံတော်အေးချမ်းတည်ငြိမ်ရေး၊ နိုင်ငံတော်စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်မည့် အနာဂတ်နိုင်ငံတော်အတွက် အားထားရမည့် မျိုးဆက်သစ်လူငယ်များ တိုးပွားပေါ်ထွက်လျက်ရှိနေပြီ ဖြစ်ပါသည်။**

**"အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြီးပြည့်စုံသည်အထိ ပြုပြင်တည်ဆောက် ထိန်းသိမ်းစောင့်ရှောက်နိုင်စွမ်းရှိသည့် ပညာတတ် လူ့အရင်းအမြစ်များ အခြေခိုင်မာလုံလောက်စွာ ပေါ်ထွက်ရေးကို နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး ဆက်လက်ပူးပေါင်း အကောင်အထည်ဖော်ကြရမည် ဖြစ်ပါသည်။"**

ပညာဆိုသည်မှာ အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်စွမ်းပင်ဖြစ်ပါသည်။ ပညာရေး၏အဓိပ္ပာယ်မှာ စာသင်ခြင်း(Schooling)၊ အတန်းအောင်ခြင်း (Promotion)၊ လူတို့၏ အသိပညာ (Knowledge)၊ ကျွမ်းကျင်မှု (Skills)နှင့် စိတ်ဓာတ် (Altitude)၊ အားလုံး၏ပြောင်းလဲမှု ဖြစ်စဉ်ပင် ဖြစ်ပါသည်။ ပညာရေးဆိုသည်မှာ ဘဝတစ်သက်တာနှင့် သက်ဆိုင်သော အတွေ့အကြုံဖြစ်ပြီး နားလည်မှုနှင့် အသုံးချတတ်မှုအပေါ် မူတည်သော အခြေခံအုတ်မြစ်ကြီးလည်း ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ရှေးပဝေသဏီ ကာလကတည်းကပင် ကိုယ်ပိုင်ယဉ်ကျေးမှုရှိပြီး လွတ်လပ်သော အချုပ်အခြာအာဏာပိုင် အင်အားတောင့်တင်းခိုင်မာသည့် နိုင်ငံတော်အဖြစ် ရပ်တည်ခဲ့သည်။ ဂုဏ်ရောင်ထွန်းပြောင်ပြီး သမိုင်းအစဉ်အလာကြီးခဲ့သော နိုင်ငံတော်ဖြစ်သည်။ နိုင်ငံတော်ကို အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ အမျိုးသားရေးစိတ်ဓာတ် မြင့်မားပြီး လူမှုရေးကျင့်ဝတ် ကောင်းမွန်ခိုင်မြဲသော မြန်မာမျိုးနွယ်စုတို့က ပညာရည်မြင့်မားစွာ တည်ဆောက်ခဲ့သည်။

အားတကာ့အားတွင် ပညာအားသည် အကြီးဆုံး၊ အမြတ်ဆုံးဖြစ်သည်ဟု ရှေးသူဟောင်း ပညာရှိကြီးများက ဆိုမိန့်ခဲ့ကြသည်။ သမိုင်းဦးဘုံမြေခေတ်မှသည် ဈေးကွက်စီးပွားရေး ခေတ်အထိ တိုးတက်ဖြစ်ထွန်းလာမှု၊ ကျောက်လက်နက်ပစ္စည်း ကိုင်တွယ်သုံးစွဲမှုမှသည် အဏုမြူလက်နက်ပစ္စည်း ကိုင်တွယ်သုံးစွဲမှုအထိ တိုးတက်လာမှု၊ မြေကြီးမှတစ်ပါး အားထားမှီခိုနေထိုင်ရာ မရှိသော ဘဝမှသည် အာကာသသို့ စတင်ထိုးဖောက်ဝင်ရောက်နိုင်ခဲ့မှုနှင့် အာကာသကို အောင်နိုင်ရန်ကြိုးပမ်းမှုများသည် လူ့ဘောင်ကို တည်ထောင်ဖန်တီးရာတွင် ပဓာနကျသော ပညာသင်ယူမှုအစွမ်း ပညာအားကြောင့်ပင် ဖြစ်ပါသည်။

မြန်မာမျိုးနွယ်စုတို့၏ သမိုင်းကြောင်းကို ပြန်ပြောင်းကြည့်မည်ဆိုပါကလည်း သရေခေတ္တရာခေတ်၊ ပုဂံခေတ်တို့မှစ၍ ကုန်းဘောင်ခေတ်အလယ်ပိုင်းကာလတိုင်အောင် အမျိုးသား ပညာသင်ကြားရေးစနစ်သည် ခိုင်ခိုင်မြဲမြဲ တည်ရှိခဲ့ကြောင်း တွေ့ရပေသည်။ ဤသို့သော အမျိုးသားပညာသင်ကြားရေး ကျောထောက်နောက်ခံဖြင့် မြန်မာမျိုးနွယ်စုတို့၏ ခေတ်အဆက်ဆက် ပညာခေတ်ကို ထူထောင်ခဲ့ကြပေသည်။

သရေခေတ္တရာခေတ်မှသည် ကုန်းဘောင်ခေတ်အလယ်ပိုင်းအထိ လောကုတ္တရာရေးနှင့် လောကီရေးယှဉ်တွဲဆောင်ရွက်သော ဗုဒ္ဓသာသနာ့ဝန်ထမ်း ရဟန်းတော်များက အမျိုးသားပညာရေးတာဝန်ကို ထမ်းဆောင်ခဲ့ကြပေသည်။ ပုဂံ၊ မြင်စိုင်း၊ ပင်းယ၊ စစ်ကိုင်း၊ အင်းဝ၊ ဟံသာဝတီ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်ခေတ် အဆက်ဆက်တို့တွင် ဘုန်းတော်ကြီးကျောင်းများ၌ လောကုတ္တရာရေးဆိုင်ရာ သုတ၊ ဝိနည်း၊ အဘိဓမ္မာစသော ပိဋကတ်သုံးပုံအပြင် စာပေပညာဆိုင်ရာ ရာဇဝင်ပုံပြင်၊ ဓမ္မသတ်ထုံးဟောင်းများ၊ နက္ခတ်ဗေဒင်အတတ်ပညာ၊ ရှေးဟောင်းဓာတုဗေဒပညာဖြစ်သော အဂ္ဂိရတ်ပညာ၊ ဆေးပညာ၊ အနှိပ်ပညာ၊ စစ်ပညာ၊ ဆင်စီး၊ မြင်းစီးအတတ်၊ ဓားခုတ်လှံထိုးအတတ်၊ ပန်းထိမ်၊ ပန်းပဲ၊ ပန်းပွတ်၊ ပန်းချီ၊ ပန်းရန်၊ ပန်းယွန်း၊ ပန်းတော့၊ ပန်းတဉ်း၊ ပန်းပု၊ ပန်းတမော့၊ ပန်းရွဲစသော ပန်း(၁၁)မျိုးလုပ်ငန်း၊ အဆောက်အအုံ၊ အဝတ်အထည်၊ လူ့အသုံးအဆောင်တို့နှင့်ဆိုင်သော အတတ်ပညာ၊ ကုန်ထုတ်လုပ်မှုဆိုင်ရာ၊ အနုပညာဆိုင်ရာ၊ အုပ်ချုပ်ရေးဆိုင်ရာ၊ တရားစီရင်ရေးဆိုင်ရာ၊ ကာကွယ်ရေးဆိုင်ရာ အသိပညာ၊ အတတ်ပညာစသည်တို့ကို သင်ကြားပေးခဲ့သည်။ ယင်းသို့ သင်ကြားပို့ချသော ဘုန်းတော်ကြီးကျောင်းများကို ပင်းယ၊ အင်းဝခေတ်မှ ကုန်းဘောင်ခေတ်အထိ ဂါမဝါသီပွဲကျောင်းများဟု ခေါ်တွင်ခဲ့ကြပေ၏။ ယင်းကျောင်းများတွင် မင်းညီမင်းသား၊ မှူးမတ်နှင့်သူဌေး၊ သူကြွယ်သားသမီးများသာမက အသည်သား၊ တောင်သူလယ်သမားတို့၏ သားမြေးများပါ ပညာသင်ကြားကြကြောင်း သမိုင်းအထောက်အထားများအရ သိရှိရပေသည်။

ကုန်းဘောင်မင်းဆက်နောက်ပိုင်း မင်းတုန်း၊ ကနောင်နှင့်သီပေါမင်းတို့ လက်ထက်တွင်မှု ခေတ်မီနိုင်ငံထူထောင်ရန်အတွက် အနောက်ဥရောပနိုင်ငံများသို့ စက်မှုပညာ၊ စစ်ပညာသင်များ စေလွှတ်ခဲ့ပေသည်။ စက်မှုလက်မှု လုပ်ငန်းများထူထောင်ခြင်း၊ ခေတ်မီတပ်မတော်များဖွဲ့စည်းရန် ကြိုးပမ်းခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ပေသည်။

ကမ္ဘာကြီးတွင် ၁၈ရာစု ကုန်ခါနီးနှင့် ၁၉ ရာစုအစပိုင်းမှစ၍ ကမ္ဘာ့ကိုလိုနီ ကျွန်ပြုအုပ်ချုပ်မှု နယ်ချဲ့ရေစီးကြောင်းကြီးသည် အာရှတိုက်ကို ပြင်းထန်စွာ ဝင်ရောက်တိုက်ခတ်လာသည်။ ထိုအခါ အမျိုးသားနိုင်ငံတော်များလည်း တိမ်မြုပ်ပျောက်ကွယ် ကုန်တော့သည်။ မြန်မာနိုင်ငံတွင် ၁၈၂၄၊ ၁၈၅၂၊ ၁၈၈၅ ခုနှစ်တို့၌ အင်္ဂလိပ်၊ မြန်မာစစ်ပွဲကြီးသုံးကြိမ်ဖြစ်ပွားပြီး နိုင်ငံတော်၏ လွတ်လပ်ရေးဆုံးရှုံးခဲ့ရသည်။

လွတ်လပ်ရေးဆုံးရှုံးခဲ့ရခြင်းမှာ ကျွန်ုပ်တို့၏ ပညာအဆင့်အတန်းမြင့်မားမှု လိုအပ်သေးခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု လိုအပ်သေးခြင်းကြောင့် ဖြစ်ပါသည်။

၁၉၄၈ ခုနှစ်မှစ၍ လွတ်လပ်ရေးရရှိခဲ့ပြီး မြန်မာ့အမျိုးသားပညာနိုင်ငံတော်ကို ကိုယ့်အားကိုယ်ကိုး ထူထောင်ခဲ့ကြသည်။

သို့ရာတွင် နယ်ချဲ့တို့၏ သွေးခွဲသပ်လျှိုမှုကြောင့် သူတစ်လုငါတစ်မင်းနှင့်ညီအစ်ကိုချင်းသွေးကွဲလာကြသဖြင့် နှစ်ပေါင်း ၄၀ ကျော်တိုင်အောင် မညီမညွတ်ဖြစ်ခဲ့ကြသည်။ အမျိုးသားပညာရည် မြင့်မားရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ စည်းလုံးညီညွတ်ရေးကို ဆောင်ရွက်မှု အားနည်းခဲ့ရပါသည်။

ကမ္ဘာ့နိုင်ငံအချို့ကို လေ့လာသုံးသပ်ကြည့်ပါက သယံဇာတ မကြွယ်ဝသော်လည်း အသိပညာအတတ်ပညာ၊ နည်းပညာနှင့် တီထွင်ကြံဆမှု နည်းပရိယာယ် ကြွယ်ဝမှုများကြောင့် ကမ္ဘာနှင့် ရင်ပေါင်တန်းကာ ဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့ရှိရပါသည်။ စာရေးသူတို့မြန်မာနိုင်ငံတော်ကြီးသည် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်သယံဇာတများ အလျှံပယ်ပေါကြွယ်ဝခြင်းနှင့် သဘာဝအရင်းအမြစ်များ (Natural Resources)များ သုံးစွဲထုတ်ယူ မကုန်နိုင်ခြင်းအကြောင်းတရားများပြည့်ဝလျက်ရှိနေပါသည်။ သဘာဝတရားများက ခံစား၍ မကုန်နိုင်သော သဘာဝအရင်းအမြစ်များကို အပ်နှင်းထားပြီးလည်း ဖြစ်ပါသည်။

**ပညာရည်မြင့်မားပြီး မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ် ထက်သန်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များနှင့် အချိန်ကိုက်ပေါင်းစပ်နိုင်ပါက ကမ္ဘာ့အဆင့်အတန်းမီသော ခေတ်မီမြန်မာနိုင်ငံတော်ကြီး ဖြစ်ပေါ်လာမည်မှာ မလွဲကေန်ဖြစ်**ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

ပညာရည်မြင့်မားပြီး မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ် ထက်သန်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များနှင့် အချိန်ကိုက် ပေါင်းစပ်နိုင်ပါက ကမ္ဘာ့အဆင့်အတန်းမီသော ခေတ်မီမြန်မာနိုင်ငံတော်ကြီး ဖြစ်ပေါ်လာမည်မှာ မလွဲကေန်ဖြစ်။



**ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှတ်(၄)လမ်း ကတ္တရာခင်းရန် ကျောက်ခင်းခြင်းလုပ်ငန်း ပြီးစီးမှုနှင့်ပတ်သက်၍ စံချိန်စံညွှန်းကိုက်ညီမှု ရှိမရှိကို နိုဝင်ဘာ ၁၅ရက်က အမှုဆောင်အရာရှိ ဦးစောထွန်းစိန် စစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ခင်မာဝေက ရှင်းလင်းတင်ပြစဉ်။** (မြို့နယ် စည်ပင်)

## ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)ကျောင်းသားဟောင်းများ သတ္တမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) (၁၉၉၃–၂၀၀၇) ကျောင်းသားကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၇ခုနှစ် ဇန်နဝါရီ ၇ရက် (တနင်္ဂနွေနေ့)တွင် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပရန်စီစဉ်ထားသည်။

ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ကိုခင်မောင်ဌေး ဖုန်း–၀၉–၅၁–၄၉၂၁၆၊ ကိုမောင်မောင်ဇော်ထက် ဖုန်း–၇၀၆၉၇၈၊ ကိုသန့်ဇော်မင်းလတ်ကြူ ဖုန်း–၅၅၉၉၈၉၊ မနန္ဒခင် ဖုန်း–၅၉၀၂၆၂ လိုင်းခွဲ ၁၁၈၊ ကိုကျော်သူရဝင်း ဖုန်း–၀၉–၅၀–၄၃၂၈၇၊ မသင်းသင်းနွယ် ဖုန်း–၀၉–၅၁–၁၂၀၇၆၊ ကိုရဲအောင်သန့် ဖုန်း–၀၉–၅၀–၁၉၉၈၄၊ ကိုအောင်မျိုးမြတ် ဖုန်း–၅၄၆၅၁၉၊ ကိုငြိမ်းချမ်းဦး ဖုန်း–၀၉–၈၀–၂၄၀၇၂၊ ကိုစည်သူအောင် ဖုန်း–၇၂၃၂၉၅၊ ကိုစန်းနိုင်ဖြိုးဝေ ဖုန်း–၅၀၅၇၁၁ နှင့် ကိုဇော်ထက်ကို ဖုန်း–၅၀၁၃၆၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**



**ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပန်ကုလားကျေးရွာသွားလမ်းရှိ တံတားဆောက်လုပ်မှုအခြေအနေကို နိုဝင်ဘာ ၁၇ရက်က ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုးကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးထွေးအောင်တို့က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ် စည်ပင်)



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)အနောက်ဘက်တိုးချဲ့မြေနှစ်ကေဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် A(1)လမ်းနေ အစ်မဒေါ်သန်းတင်၊ ဒေါ်တင်အေးမိသားစုတို့က ဦးအေးဖေအား ရည်စူး၍ အလှူငွေကျပ် တစ်သိန်းငါးထောင်ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့် ဘေးလမ်း)အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှူးဆောင်ဆရာတော် ဒေါက်တာအရှင်ဝိစိတ္တ (ကဝ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

## ရေပိုက်လိုင်းများပြုပြင်

**ဖလမ်း ဒီဇင်ဘာ ၉**

ချင်းပြည်နယ် ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထလာဟရဲ၏ ဦးဆောင်မှုဖြင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မင်းထွန်းနှင့် ဝန်ထမ်းများသည် သောက်သုံးရေသုံးစွဲသူပြည်သူများနှင့် ပူးပေါင်းလျက် ဒီဇင်ဘာ ၄ရက်က ဖလမ်းမြို့မှ ၁၂/၆ မိုင်ဝေးသော တလန်လဲင်း စိမ့်စမ်းရေထွက် သန့်ရှင်းရေးနှင့် ပင်မရေပိုက်လိုင်းများ အစားထိုးပြုပြင်ခြင်း၊ ရိဒ်လမ်း ၃ မိုင် နေရာပြုပြင်ခြင်း၊ မြို့တွင်း ရေလှောင်ကန်သန့်ရှင်းဆေးကြောခြင်း လုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



ရောဝတီတိုင်း လေးမျက်နှာမြို့နယ်လှော်ကထားကျေးရွာနေ ဦးဟံရှိန်း- ဒေါ်သိန်းတင် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော် ငွေ ကျပ်တစ်သိန်းနှင့် ရာသက်ပန် ဆွမ်းပဒေသာပင်အတွက် ငွေကျပ် နှစ်သိန်း စုစုပေါင်းငွေကျပ် သုံးသိန်းကို မိုးမိတ် အနုနာယက ဆရာတော် ဘဒ္ဒန္တ ဝိနယထံ ရေစက်ချ အနုမောဒနာ တရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)



## ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ် ပြုပြင်မွမ်းမံရန် ငွေကျပ် ၂၇ သိန်းလှူဒါန်း

**ပြည် ဒီဇင်ဘာ ၁၀**

ပြည်မြို့ ဆံတော်ရပ် ဘုရားနီလမ်းနေ ဦးမော်ထွတ်ဝင်း-ဒေါ်သန်းသန်းအေး၊ သား မောင်ကြည်မော်နိုင် မိသားစုတို့က ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်ရှိ မိဘဘိုးဘွားများ တည်ဆောက်လှူဒါန်းခဲ့သော သာသနဇောတိကအုတ်ကျောင်း ပြုပြင်မွမ်းမံရန်အတွက် အလှူငွေကျပ် ၂၇သိန်း လှူဒါန်းပွဲကို ဒီဇင်ဘာ ၁ ရက် နံနက် ၉ နာရီက ကျင်းပရာ ကျောင်းတိုက်ရှိ စာချစာသင် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး နိုင်ငံတော်သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌအဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော် ဘဒ္ဒန္တ ကုဏ္ဍလဇောတိထံမှ အနုမောဒနာတရား နာကြားပြီး ရေစက်သွန်းချ အမျှပေးဝေသည်။ **(ဝဲပုံ)(က-ပ)**

## ကောလင်းစာပေနှင့် စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီစည်းဝေး

**ကောလင်း ဒီဇင်ဘာ ၅**

ကောလင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ၂၀၀၆ ခုနှစ် မျက်နှာစုံညီ အစည်းအဝေးကို နိုဝင်ဘာ ၁၂ ရက်မွန်းလွဲ ၁ နာရီက မြို့နယ်ရုံးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း (မြန်ဂုဏ်ဆောင်)က အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးမြင့်အောင် (သိန်းကျော်မြင့်-ကောလင်း)က မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့(ဗဟို)မှ ညွှန်ကြားချက်များ ရှင်းလင်းဖတ်ကြားသည်။

### ဖတ်ကြားရှင်းလင်း

ထို့နောက် ဦးနေဦး(အမျိုးသားစာပေဆုရ၊ ကိုနေ-ကောလင်း)က ကျေးလက်စာပေ အဆင့်မြင့်မားရေး၊ စာဖတ်ရှိန်မြှင့်တင်နိုင်ရေးနှင့် စာပေဂုဏ်ကျေးဇူးကို ကျယ်ကျယ် ပြန့်ပြန့် သိရှိနိုင်ရေးစာတမ်းကို ဖတ်ကြားရှင်းလင်းသည်။ ထို့နောက် ဦးမင်းချိုဦး (မင်းချိုဦး-ကောလင်း)က ၁၃၆၈ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲ ကျင်းပနိုင်ရေး၊ ကျေးလက်စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး၊ စာအုပ်လှူဒါန်းနိုင်ရေးစာတမ်းကို ဖတ်ကြားရှင်းလင်းသည်။ **(ဝ၂၆)**

## စာကြည့်တိုက်မှူးများသင်တန်း လောင်းလုံးမြို့၌ဖွင့်

**လောင်းလုံး နိုဝင်ဘာ ၃၀**

လောင်းလုံးမြို့နယ် ကျောက်နီမော်ကျေးရွာကိုယ့်အားကိုယ်ကိုး နေဝန်းနီ စာကြည့်တိုက်တွင် ကျွမ်းကျင်သော ကျေးရွာစာကြည့်တိုက်မှူးများ သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ရှေးဦးစွာ ကျေးရွာဥက္ကဋ္ဌ ဦးထိန်ဝင်းက အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

### တက်ရောက်

သင်တန်းသို့ အင်ဂနီတွင်း၊ အောက်ကျောက်ဝပ်၊ ညောပြင်၊ ကြက်လွတ်၊ ကျောက်မတ္တပ်နှင့် ကျောက်ဝပ်ပြင် ကျေးရွာများမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီဝင်များ၊ စာကြည့်တိုက်မှူးများ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**



ရန်ကုန်တိုင်း လသာမြို့နယ် ၁၉လမ်း အမှတ် ၆၇ နေ နှစ်ဖက်သောမိဘများအားရည်စူး၍ လောက်ဂီစိန်ယုန်တံဆိပ်မုန့်ဆိုင် ဦးကျော်စိုး-ဒေါ်ခင်နှောင်း၊ သမီး မကြည်လဲ့ဝင်း၊ သား မောင်အောင်ကျော်မိုး မိသားစုက သုံးထပ်ဘိုးဘွားဆောင်အဆောက်အအုံသစ် အခန်းလတ်တစ်ခန်းအတွက် ငွေကျပ် ၁၀သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)



တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဆောင်ရွက်သော ပေါမူ ကျေးရွာ စိမ့်စမ်း ရေသွယ်ခြင်း လုပ်ငန်းအတွက် အငယ်တန်း အင်ဂျင်နီယာ-၂ (မြို့ပြ) ဦး ရဲကြည် မြင့် ဦးစီး၍ လုပ်ငန်းဆောင်ရွက်နေမှုကို နိုဝင်ဘာ ၂၆ ရက်က အမှုဆောင်အရာရှိ ဦးမောင်စိုးနှင့်အင်ဂျင်နီယာမှူး ဦးအောင်မျိုးဝေတို့ ကြီးကြပ်ပေးစဉ်။ (ပြည်နယ် ပြန်/ဆက်)

## အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း သင်တန်းဆင်းပွဲများ မူဆယ်တွင် ကျင်းပ

**မူဆယ် ဒီဇင်ဘာ ၁၂**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနက ကြီးမှူးပြီး အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း အခြေခံစက်ချုပ်သင်တန်းအမှတ်စဉ် (၁၈/၂၀၀၆)၊ အဆင့်မြင့် စက်ချုပ်သင်တန်းအမှတ်စဉ်(၁၅/၂၀၀၆)နှင့်သိုးမွှေးစက်ဆွဲအမှတ်စဉ် (၃/၂၀၀၆)ဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၂ရက် နံနက်က မူဆယ်မြို့ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၌ ကျင်းပသည်။

### ပေးအပ်

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်ဝင်းက အမှာစကားပြောကြားပြီး အမျိုးသမီး အိမ်တွင်းမှု သက်မွေးပညာ သင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန္ဒာညွှန့်က သင်တန်းများ ဖွင့်လှစ် ပို့ချမှုများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီးက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသူများအား ပေးအပ်သည်။

ထို့နောက် သင်တန်းများတွင် ဆုရကျောင်းသူများအား ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများ ကောင်းမွန်ရေးနှင့် အပေါက်များ၊ လိုင်းများ၊ ချိုင့်ခွက်များမရှိစေရေးအတွက် စီမံချက် ချမှတ်ဆောင်ရွက်လျက်ရှိရာ ဗိုလ်မင်းရောင်လမ်း ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ဒီဇင်ဘာ၂ရက်က အမှုဆောင်အရာရှိဦးတင်ဌွေး ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမင်းကိုကိုက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)





ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် အထက(တိုက်ကြီး)၏ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးနှင့် ဘက်စုံပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၁၀ရက်က အဆိုပါကျောင်း အနော်ရထာခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အုန်းမြင့်က ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဘာသာစုံဂုဏ်ထူးရှင် မောင်သာသာဟန်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

## မြန်မာ့အသံ နားဆင်စရာ

**၁၃၆၈ ခုနှစ် နတ်တော်လကွယ်နေ့**
**၁၈-၁၂-၂၀၀၆ (တနင်္လာနေ့)**

**နံနက်ပိုင်း**

၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အာဋာနာဋိယသုတ်)

**နေ့လယ်ပိုင်း**

၁၀:၀၅ သားငါးဖွံ့ဖြိုး ပြည့်အကျိုး (ကဏန်းမွေးမြူရေးအကြောင်း) (အပိုင်း-၁)
၁၁:၄၀ သိပ္ပံအကြောင်း သိကောင်းစရာ (သိပ္ပံနှင့် နည်းပညာတိုးတက်မှုတချို့အကြောင်း) (သိပ္ပံမှူးတင်)
၁၂:၀၀ တစ်ပတ်အတွင်းသတင်းပဒေသာ
၁၂:၂၅ အားကစား သတင်းပဒေသာ
၁၂:၄၀ ကျန်းမာရေးရာ ပြန်ကြားလွှာ
၁၂:၅၀ သီချင်းကြီးပဒေသာ
(၁) ပုလဲပတ်ပျိုးလေး(တင်တင်ထွေး)
(၂) တောမြိုင်စွန်း ယိုးဒယား(ဒဂုံခင်)
၁၃:၁၀ ပညာရေးအစီအစဉ် (မူလတန်းအထက်ဆင့် အင်္ဂလိပ်စာ) (Comparison of Adjectives)

**ညနေပိုင်း**

၁၆:၁၀ မြတ်နိုးစရာကျေးရွာတေးကဗျာ
(၁) ပျို့ကျေးရွာ (မြင့်မြင့်စိန်)
(၂) မောင်ဒေါနနှင့် ကွမ်းတောင်ကိုင် (ကိုတင်ကိုး-ပဂ္ဂဇေ)
(၃) ရုပ်သေးပွဲသွားရအောင် (ယဉ်ယဉ်ထွန်း)
၁၇:၃၀ တစ်ပတ်အတွင်း သတင်းပဒေသာ
၁၇:၄၀ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (မေတ္တာစာများ၏ အမျိုးသားရေးလက္ခဏာ)
၁၈:၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)
၁၉:၁၅ ဆိုင်းအဖွဲ့ ဖျော်ဖြေခန်း (မြင်းခြံစိန်သန်းဌွေးဆိုင်းအဖွဲ့)
၂၀:၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ဘဝဆက်တိုင်း မဆုံရသည့်တိုင် (မောင်မောင်ညွှန့်)
(၂) ဝေးမှသိတဲ့ဝေဒနာ (ခနုဖြူညွှန့်ညွှန့်ရွှေ)
(၃) အသည်းထဲကမိန်းကလေး တစ်ယောက် (ညိုမြလေး)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ကျောင်းဆင်းဂုဏ်ပြုညစာစားပွဲ တက်ရောက်ချီးမြှင့်



## ဂုဏ်ပြု ညစာစားပွဲ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၉) ကျောင်းဆင်းဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ကြစဉ်။

(သတင်းစဉ်)

## ခေါင်းဆောင်ကောင်း

☆ တပ်မတော်ကို လက်ဆင့်ကမ်း တည်ဆောက်သွားကြမယ့်ရဲဘော်တို့ဟာ စစ်သည်တော်ကောင်းများ ဖြစ်ဖို့လိုသလို ခေါင်းဆောင်ကောင်းများလဲ ဖြစ်ကြဖို့ လိုအပ်။

☆ ခေါင်းဆောင်ကောင်းဆိုတာကတော့ မိမိခေါင်းဆောင်ရတဲ့ အဖွဲ့အစည်းကို အမြဲစည်းလုံးညီညွတ်မှုရှိနေအောင် တည်ဆောက်နိုင်စွမ်းရှိရမယ်၊ အခွင့်အရေးနဲ့ယှဉ်လာရင် မိမိက အမြဲအနစ်နာခံတတ်ရမယ်၊ ကွပ်ကဲမှုနဲ့ ကြီးကြပ်မှုကောင်းရမယ်၊ ဗဟုသုတနဲ့ အတွေ့အကြုံကြွယ်ဝပြီး ထိုးထွင်းကြံဆလုပ်ကိုင်တတ်ရမယ်၊ တပ်မှူးကောင်းစိတ်ဓာတ်နဲ့ မိဘသဖွယ်စိတ်ဓာတ်ရှိရမယ်၊ တပ်ရဲ့ ကောင်းရာကောင်းကျိုးအတွက် အစဉ်ကြိုးပမ်း ဆောင်ရွက်လိုစိတ်ရှိရမယ်၊ သတ္တိ ဗျတ္တိ ရှိရမယ်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
၁၅-၁၂-၂၀၀၆ရက်က ကျင်းပသော
စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၉)
သင်တန်းဆင်းပွဲအခမ်းအနားမိန့်ခွန်းမှ-

**နေပြည်တော် ဒီဇင်ဘာ ၁၆**

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၉) ကျောင်းဆင်းဂုဏ်ပြု ညစာစားပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၅ရက် ညနေ၅နာရီခွဲတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ် အနော်ရထာတပ်ရင်း ဗိုလ်လောင်းတန်းပေါင်းစီကွင်း၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ချီးမြှင့်ကြသည်။

**တက်ရောက်**

အဆိုပါ ကျောင်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်၊ တိုင်းမှူးများနှင့် ၎င်းတို့၏ ဇနီးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ မန္တလေးမြို့တော်ဝန်၊ ပြင်ဦးလွင်တပ်နယ်မှူး၊ ပြင်ဦးလွင်တပ်နယ်နှင့် စစ်တက္ကသိုလ်မှ တပ်မတော်အရာရှိကြီးများ၊ စစ်တက္ကသိုလ် စာပေညွှန်ကြားရေးမှူး၊ နည်းပြအရာရှိချုပ်နှင့် ဗိုလ်လောင်းတပ်ရင်း တပ်ရင်းမှူးများ၊ ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းဆင်းအရာရှိများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

### နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး